# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday 15 January 2019 ၉၃၇၂


# ကယားပြည်နယ်၏ သဘာဝရေမြေတောတောင်များက ခရီးသွားဧည့်သည်များအတွက် လည်ပတ်သွားလာစရာ နေရာတစ်နေရာအဖြစ် လူသိများထင်ရှားလာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က**

**(၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

**ချစ်ခင်လေးစားအပ်သော ကယားတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ကျရောက်သည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိကြသည့် ကယားတိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကယားလူမျိုးစုဝင် (၉)မျိုးနှင့်အတူ အခြားသောတိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ နေထိုင်လျက်ရှိသည့် ကယားပြည်နယ်၏ ပြည်နယ်နေ့ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ (၁၅)ရက်တွင် ပထမဦးဆုံး စတင်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၆၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

**ပိုမိုခံစားခဲ့ကြရ**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တိုင်းရင်းသားများအကြား သံသယစိတ်များကြောင့် ပြည်တွင်းပဋိပက္ခများ နှစ်ကာလကြာရှည်စွာဖြစ်ပေါ်ခဲ့ပြီး တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ပြည်နယ်များသည် ပြည်တွင်းပဋိပက္ခဒဏ်ကို ပိုမိုခံစားခဲ့ကြရပါသည်။ ယင်းပဋိပက္ခများ၏ နောက်ဆက်တွဲရလဒ်ဆိုးအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် မလုပ်နိုင်ခဲ့သည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်တွင် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရသည့်အပြင် နိုင်ငံတကာမျက်နှာစာတွင်လည်း နိုင်ငံ၏ ဂုဏ်သိက္ခာ မှေးမှိန်ခဲ့ရပါသည်။

**စာမျက်နှာ ၂ ကော်လံ ၃ သို့ ✪**

# ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ ကမ္ဘာ့အလယ် ဝင့်ထည်လာမည်

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၄**

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**




ကြေးမုံ

# စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံသစ်တည်ဆောက်

ကမ္ဘာကြီးသည် အစဉ်အမြဲဖြစ်ပျက်ပြောင်းလဲနေပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နည်းပညာခေတ်ဖြစ်၍ မြန်မာနိုင်ငံသည်လည်း ထိုဖြစ်စဉ်တွင် လိုက်ပါနိုင်အောင် ကြိုးပမ်းအားထုတ်နေရသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ရာ၌ ပြည်တွင်း၊ ပြည်ပအခြေအနေများကို မျက်ခြည်မပြတ် အကဲခတ်ကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးတို့ကိုအပြောင်းအလဲများ၊ စိန်ခေါ်မှုများကြားမှ ရင်ဆိုင်ကျော်လွှားဖြတ်သန်းနေသည်။

မြန်မာနိုင်ငံအဖို့ ကြုံတွေ့လာရမည်တို့ကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရေး၌ ကိုယ်ခံအင်အားများ ခိုင်မာတောင့်တင်းနေရန် လိုအပ်သည်။ စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားရာ၌ ပြည်တွင်းညီညွတ်ရေး၊ ပြည်တွင်းအင်အား တောင့်တင်းခိုင်မာရေးမှာ အထူးအရေးတကြီးလိုအပ်သည်။ ပြည်ထောင်စုအပေါ်တွင်ထားရှိသည့် တိုင်းရင်းသားပြည်သူအားလုံး၏ တစ်ဦးချင်းစီရှိ ကောင်းမွန်သည့်အရည်အသွေးနှင့် မှန်ကန်သည့်စိတ်ဓာတ်များ အထူးလိုအပ်သည်။

ထိုအရည်အသွေးနှင့်စိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုဟူသည့် ပြည်ထောင်စုအပေါ်ထားရှိသောစိတ်ဓာတ်ဖြစ်သည်။ ညီညွတ်သည့် ပြည်ထောင်စု၏ စုပေါင်းအင်အားကို ခိုင်မာစွာတည်ဆောက်နိုင်သော ကိုယ်ခံအားများရှိမှသာလျှင် ကမ္ဘာ့အလယ်တွင်တင့်တယ်သည့် ပြည်ထောင်စုကြီးအဖြစ် ဝင့်ထည်စွာရပ်တည်နိုင်မည်ဖြစ်သည်။ ညီညွတ်သောအင်အားကို တည်ဆောက်နိုင်ခြင်းမရှိလျှင် ကမ္ဘာ့အလယ်တွင် မျက်နှာငယ်နေရမည်ဖြစ်သည်။

ထိုညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်သည် ပထမမြန်မာနိုင်ငံတော်ကြီး တည်ထောင်စဉ်ကပင် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ နှလုံးသားထဲတွင် စွဲမြဲစွာကိန်းအောင်းနေခဲ့ပြီးဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးချိန်တွင် ပြည်ထောင်စုစိတ်ဓာတ်မှာ ခေတ္တမျှသာ မှေးမှိန်ငုပ်လျှိုးခဲ့သော်လည်း လွတ်လပ်ရေးရလုနီးအချိန်တွင် ထက်သန်စွာ ပြန်လည်နိုးကြားလာခဲ့သည်။ ထိုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးရရှိခဲ့သည်ကို သတိမူရမည်ဖြစ်သည်။

လက်ရှိကာလတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများ၊ ပြဿနာများကို ပြည်ထောင်စုစိတ်ဓာတ်တည်းဟူသော ကိုယ်ခံအားဖြင့်ပင် ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံဖြစ်သော်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနယ်ပယ်များတွင် ဩဇာခံဘဝသို့ မကျရောက်အောင် ပြည်ထောင်စုစိတ်ဓာတ်ဟူသော ကိုယ်ခံအားဖြင့်ပင် အမိမြန်မာနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ကမ္ဘာသူ ကမ္ဘာသားများသည် အသိပညာ၊ အတတ်ပညာများကို ခေတ်မီနည်းပညာများဖြင့် ဆက်သွယ်ရယူပြီး မိမိနိုင်ငံကောင်းစားတိုးတက်ရေးကို မနေမနား ကြိုးပမ်းဆောင်ရွက်နေကြသည်။ ကျွန်ုပ်တို့သည်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင်၊ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်အောင် အသိပညာ၊ အတတ်ပညာ၊ နည်းပညာများဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်ကာလဖြစ်သည်။ ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများ စိတ်ဝမ်းမကွဲပြားဘဲ ယုံကြည်မှုကို တည်ဆောက်၍ အများနည်းတူ ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်ကြရမည့် အချိန်ကာလဖြစ်သည်။

ယနေ့အချိန်အခါသည် လွတ်လပ်ရေးခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးကို ရည်မှန်းလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများက ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။ တိုင်းရင်းသားပြည်သူများ မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်၊ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တညီတညွတ်တည်းရယူလျှင် မလွဲမသွေရရှိနိုင်သောကာလဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွက် လက်ငင်းလိုအပ်နေသောအရာသည် ငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းရေးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တည်ဆောက်နိုင်သည်။ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မည်ဖြစ်သည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကယားပြည်နယ်မှ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိရာတွင် ကယားပြည်နယ်တွင်လည်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ လျှပ်စစ်မီးရရှိရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စသည်ဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ သံလွင်မြစ်ကူးတံတား (ဖားဆောင်း)ကို တည်ဆောက်ပေးခဲ့ပြီး မယ်စဲ့မြို့နယ်တွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားကာ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နှင့် ညီအစ်မမြို့အဖြစ် ဆောင်ရွက်ထားရှိ၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။

### သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်

ကယားပြည်နယ်သည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ လောပိတရေအားလျှပ်စစ်စက်ရုံများရှိသည့်အပြင် သံလွင်မြစ်၊ ဘီလူးချောင်း၊ ငွေတောင်ဆည် စသည့် မြစ်ချောင်း၊ ဆည်မြောင်းများနှင့် ရေတံခွန်၊ စိမ့်စမ်းများ၊ လိုဏ်ဂူများ၊ သဘာဝတောတောင်အလှအပများ ပေါကြွယ်ဝသောကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ယခင်က လက်နက်ကိုင်ပဋိပက္ခများကြောင့် ကယားပြည်နယ်အတွင်း အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် အုပ်ချုပ်ရေးပိုင်းတို့တွင် အခက်အခဲများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရပါသည်။ ယခုအချိန်တွင် လက်နက်ကိုင်ပဋိပက္ခများ မရှိတော့သလောက်ဖြစ်သော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင် ဆောင်ရွက်လာကြပါက ကယားပြည်နယ်သည် ငြိမ်းချမ်းရေး၏ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို လျင်လျင်မြန်မြန် အပြည့်အဝခံစားကြရမည်ဖြစ်ပါသည်။

လွတ်လပ်ပွင့်လင်းလာသည့် ယနေ့ခေတ်တွင် ကယားပြည်နယ်၏ သာယာလှပသော သဘာဝရေမြေတောတောင်များက ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအတွက် အပန်းဖြေလည်ပတ်သွားလာစရာနေရာတစ်နေရာအဖြစ် ပိုမို၍ လူသိများထင်ရှားလာခဲ့ပါသည်။ အရှေ့ဘက်ရှိ ထိုင်းနိုင်ငံမှ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာမှုများ မြင့်တင်လာနိုင်သည့် အလားအလာကောင်းများရှိနေပါသည်။ ထိုအလားအလာကောင်းများ အရှိန်အဟုန်ဖြင့် မြင့်တက်လာစေရေးအတွက် နောင်လာမည့် နှစ်ပေါင်း(၂၀) တွင် မိမိတို့၏ ကယားပြည်နယ်ကို မည်သို့ဖြစ်စေချင်သည်၊ မည်သို့မြင်စေချင်သည်ကို ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးအပါအဝင် ပြည်နယ်သူ၊ ပြည်နယ်သားများက အလေးအနက်ထားစဉ်းစားလျက် ငြိမ်းချမ်းရေးကို မနှေးအမြန် တည်ထောင်ကြရန် တိုက်တွန်းလိုပါသည်။

### ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ ကြိုးပမ်းလျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး ခရီးလမ်းပေါ်တွင် ကယားတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးက အေးချမ်းသာယာလှပပြီး ဖွံ့ဖြိုးတိုးတက်သည့် ကယားပြည်နယ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် စုစည်းညီညွတ်သောတွဲလက်များဖြင့် ကြိုးစားအကောင်အထည်ဖော်သွားကြရန်နှင့် ရရှိဖြစ်ထွန်းနေသည့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ရာတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**

# ကလေးစာပေပွဲတော်(မြစ်ကြီးနား)ကျင်းပရေး လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ မြစ်ကြီးနားတက္ကသိုလ်အတွင်း ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပမည့် ကလေးစာပေပွဲတော် (မြစ်ကြီးနား) စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခန်းမ၌ ပြုလုပ်ခဲ့သည်။



ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းလွင်က ပွဲတော်ကာလအတွင်း ကျင်းပမည့် နေ့ရက်အလိုက် ပြပွဲ၊ ပြိုင်ပွဲများနှင့် ခင်းကျင်းဆောင်ရွက်မည့် အစီအမံများနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချို့နွယ်ဌေးဝင်းက ပွဲတော်ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ဆဲ အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ကလေးစာပေပွဲတော်(မြစ်ကြီးနား)ကို မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ အပါအဝင် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပွဲများ၊ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရန်ကုန်(ရွှေဈေး) ၁၀၄၇၀၀၀ - ၁၀၄၇၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၇၀၀၀ - ၁၀၄၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၁၀ ကျပ် | ၇၄၅/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၈၂၀/၈၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၀/၈၄၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၇၇/၆၈၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၉.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၆၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၇၈၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၇.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၃၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၀.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၈.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၅၂

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်များ

☆ ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။

☆ တန်းတူညီမျှ. . .အခွင့်အရေးရ ငြိမ်းချမ်းသာယာ. . .ပြည်ထောင်စုမှာ တန်းတူညီမျှ. . .တာဝန်ယူကြ လုံခြုံခိုင်မာ. . .ပြည်ထောင်စုမှာ။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

○ **ရွှေဖုံးမှ**

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်မှအရာရှိကြီးများ၊ ဒုတိယရဲချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပဆောင်ရွက်နိုင်ရန်အတွက် ပြုလုပ်သည့်ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် "၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ"ကို အဖွဲ့ဝင် ၁၄ ဦးဖြင့် လည်းကောင်း၊ "စီမံခန့်ခွဲမှုကော်မတီ"ကို အဖွဲ့ဝင်(၁၈) ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့သည့်အပြင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဆပ်ကော်မတီ ၁၄ ခုကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်ငါးရပ်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ "(၂၁)ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေးတို့ ဖြစ်ပါကြောင်း။

### အကောင်းဆုံးဖြစ်စေရေး

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သဖြင့် ချမှတ်ထားသည့် အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အဘက်ဘက်မှပြည့်စုံအောင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အဓိကထား၍ ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ (၁၄)ခုတို့အနေဖြင့် ယခင်နှစ်ကကျင်းပခဲ့သည့် အခမ်းအနားနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခဲ့သည့် အချက်များအပေါ် အသေးစိတ်အခြေခံ၍ ယခုနှစ်တွင် အကောင်းဆုံးဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့လွတ်လပ်ရေးသမိုင်းကြောင်းကိုပြန်ကြည့်ပါက ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကျင်းပခဲ့ကြပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကာ လွတ်လပ်ရေးကို အရယူခဲ့ပါကြောင်း၊ ထိုသို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၇၂)နှစ်မြောက်ရှိပြီ ဖြစ်ပါကြောင်း။

### ကမ္ဘာ့အလယ်တွင် ဝင့်ထည်

လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျကျန်ရစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခံ့ညားလာမည်မှာ ဧကန်မုချ ဖြစ်ပါကြောင်း။

အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပုံဖော်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို (၃)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အတူတကွ ပူးပေါင်းဆောင်ရွက်ရင်း ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါကြောင်း။

### ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှု ဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိသော ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ ကွဲပြားခြားနားသည့် ပထဝီဝင်ဒေသအသီးသီးတွင်ရှိကြသော တိုင်းရင်းသားအသီးသီးသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့စရိုက်များကိုလည်း ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်လာနောက်သားများ သိရှိရန်အတွက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသရင်း ထိန်းသိမ်းစောင့်ရှောက်နေခြင်းလည်း ဖြစ်ပါကြောင်း။

> **ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သဖြင့် ချမှတ်ထားသည့် အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အဘက်ဘက်မှ ပြည့်စုံအောင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အဓိကထား၍ ရည်ရွယ်ကျင်းပခြင်းဖြစ်**

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အစီအစဉ် အပိုင်း(၂)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပထမပိုင်းအနေဖြင့် နံနက်ပိုင်းအလံတင်အခမ်းအနား၊ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားနှင့် ညနေပိုင်းတွင် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားတို့ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနားအစီအစဉ် အပိုင်း(၂)ပိုင်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဆပ်ကော်မတီ ၁၄ ခုအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အကွက်စေ့အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုပါကြောင်း။

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီက ချမှတ်ပေးမည့် အမျိုးသားရေးဦးတည်ချက်များ၏ အနှစ်သာရကို ပြည်သူများ သိရှိနားလည်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများမှ ထုတ်လွှင့်ဖော်ပြနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

ဆပ်ကော်မတီများအနေဖြင့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ကျင်းပမည့် အခမ်းအနား ကိစ္စရပ်များအားလုံးအတွက် A Plan အပြင် B Plan ကိုပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်အောင်ကျင်းပနိုင်ရေးအတွက် ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ယခုနှစ်တွင် အကောင်းဆုံးဖြစ်အောင် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ယခုနှစ်အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်မျိုးဆွေဝင်းကလည်းကောင်း၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး (တွဲဖက်တာဝန်) ဦးမင်းချစ်ဦးကလည်းကောင်း၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်ကလည်းကောင်း၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းကလည်းကောင်း၊ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယဗိုလ်မှူးကြီး တင်မောင်လွင်က လည်းကောင်း၊ အလံတင်အခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်က လည်းကောင်း၊ မြေစိုက်ပိုစတာများ စိုက်ထူရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မိုးက လည်းကောင်း၊ ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လည်းကောင်း၊ ကျန်းမာရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်က လည်းကောင်း၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဗရတ်ဆင်းက လည်းကောင်း၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက လည်းကောင်း၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က လည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်တို့က (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် ဂျပန်ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၄**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် Japan Federation of Bar Associations (JFBA) မှ ဥက္ကဋ္ဌ Mr. Ikauchi Masatoshi နှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ JICA Judicial and Legal Project မှ အကြံပေးအရာရှိချုပ် Mr. Nose Kazunori နှင့်အဖွဲ့တို့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် Japan Federation of Bar Associations (JFBA) မှ ဥက္ကဋ္ဌ Mr. Ikauchi Masatoshi နှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ JICA Judicial and Legal Project မှ အကြံပေးအရာရှိချုပ် Mr. Nose Kazunori နှင့်အဖွဲ့တို့အား လက်ခံတွေ့ဆုံစဉ်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ခုံရုံးက ဆုံးဖြတ်ခဲ့သည့် တင်သွင်းလွှာများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ဂျပန်နိုင်ငံတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ ရှေ့နေ ရှေ့ရပ်များ၏ အခန်းကဏ္ဍများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ JFBA က မြန်မာနိုင်ငံရှေ့နေအဖွဲ့အစည်းများအား ဥပဒေပညာပြန့်ပွားရေးအတွက် အကူအညီပေးမည့်ကိစ္စရပ်များ၊ ခုံရုံးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်ဝင်း၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်းပြုစုခြင်း သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ India International Institute of Democracy and Election Management (IIIDEM) သင်တန်းကျောင်းမှ Senior Consultant ဖြစ်သူ Dr. Noor Mohammad နှင့် နည်းပြဆရာများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မဲဆန္ဒရှင်စာရင်းပြုစုခြင်းသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**အလေးထားဆောင်ရွက်**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့ဖွင့်လှစ်သည့် သင်တန်းမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းဖွင့်လှစ်သော ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အစီအစဉ်များထဲမှ တစ်ခုဖြစ်ကြောင်း၊ အိန္ဒိယရွေးကောက်ပွဲကော်မရှင်မှ သုံးကြိမ် လာရောက်ပို့ချမည်ဖြစ်ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းမှုမှာ အချိန်တိုတောင်းနေသည့်အတွက် ပြည်သူလူထုအတွက်သာမက ကော်မရှင်ရုံးဝန်ထမ်းများအတွက်ပါ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အတွေ့အကြုံ၊ ဗဟုသုတများ ဖြည့်ဆည်းပေးရန် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းအရ လုပ်ငန်းစဉ်များစွာရှိသော်လည်း မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်သည် အလွန်အရေးကြီးပါကြောင်း၊ သင်တန်းသားများအနေဖြင့် အလေးအနက်ထား သင်ယူလေ့လာကြစေလိုကြောင်း၊ အိန္ဒိယနိုင်ငံ၏ မဲဆန္ဒရှင်စာရင်းကောက်ယူမှုစနစ်မှ အားသာချက်၊ အားနည်းချက်များကို လေ့လာ၍ မိမိတို့ မဲဆန္ဒရှင်စာရင်းပြုစုသည့် လုပ်ငန်းစဉ်တွင် အကျိုးရှိရှိ အသုံးပြုနိုင်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ Dr. Noor Mohammad က မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်သည် အရေးကြီးပါကြောင်း၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် လုံလောက်သော ဘတ်ဂျက်ရှိရန်လိုအပ်သည့်အပြင် ဝန်ထမ်းများ၏ စီမံခန့်ခွဲမှုကောင်းခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိရန်လိုကြောင်း၊ အိန္ဒိယရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း သင်တန်းငါးခုဖွင့်လှစ်ရန် စီစဉ်ထားပြီး ယခုသင်တန်းသည် တတိယသင်တန်းဖြစ်ကြောင်း၊ စတုတ္ထသင်တန်းကို အိန္ဒိယနိုင်ငံနှင့် ပဉ္စမသင်တန်းကို မြန်မာနိုင်ငံတို့တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သွားရောက်လေ့လာ**

ထို့နောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ဂျပန်စစ်သင်္ချိုင်းနှင့် ဒဂုံမြို့နယ် သံတမန်လမ်းရှိ ရန်ကုန် ဂျပန်စာသင်ကျောင်းသို့ သွားရောက်၍လေ့လာကြသည်။

**သတင်းစဉ်**



ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ ဂျပန်စာသင်ကျောင်းတွင် ကြည့်ရှုလေ့လာစဉ်။

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။**

**နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဘီဒီယာ ဒေဗီ ဘန်ဒါရီထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်အား နှုတ်ခွန်းဆက်သလျက်၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူများ တိုးတက်သာယာဝပြောစေရန်အတွက် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ ရူမန် ရေ့ဒဗ် ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘူလ်ဂေးရီးယားပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာ၍ မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့အကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးနှင့် အာဆီယံ-အီးယူ မိတ်ဖက်ဆက်ဆံရေးနှင့် အာရှ-ဥရောပ ဆွေးနွေးပွဲ (အေဆမ်) မူဘောင်များအတွင်း ဆွေးနွေးမှုများ ပိုမိုခိုင်မာလာရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဘယ်လာရုစ်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား လူကာရှန်ကိုထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ကျေနပ်အားရမိပြီး အထူးသဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများ၌ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်သွားရန် မိမိအနေဖြင့် ဆန္ဒရှိပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများရရှိပြီး မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းပျော်ရွှင် သာယာဝပြောပါစေကြောင်းနှင့် အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဘရူနိုင်းဒါရုဆလမ်နိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယားထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ နိုင်ငံတော်အစိုးရအဖွဲ့နှင့် မြန်မာပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာစွာရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအတွက် မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာနယ်ပယ်တွင် မိမိတို့၏ ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)




# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်း အခြေခံ (အထူး) သင်တန်းအမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိယ်ခန်းမ၌ ကျင်းပသည့် အရာထမ်းလောင်းအခြေခံ(အထူး) သင်တန်းအမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များအဖြစ် အနာဂတ်တွင် ဝန်ကြီးဌာနကို ဦးဆောင်သူပညာရှင်များဖြစ်လာမည့် သစ်လွင်ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာဆရာဝန်များသည် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် လိုအပ်လျက်ရှိသော ဝန်ထမ်းဆရာဝန်များအဖြစ် ယခုကဲ့သို့ ဝင်ရောက်လာခြင်းကို ကြိုဆိုပါကြောင်း၊ ဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများစသည့် ကျရာတာဝန်များကို ဝိုင်းဝန်းထမ်းဆောင်ရာတွင် လုပ်ငန်းခွင်၌ အဆင်ပြေစိတ်ချမ်းမြေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး၊ ပညာသင်ကြားမှုနှင့် ဘဝတက်လမ်း အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားရေးတို့အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီး တစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် စနစ်တကျ ပုံစံဖော်ဆောင်ကာ လုပ်ဆောင်လျက်ရှိပြီး လက်ရှိပြည်သူ့ကျန်းမာရေးနှင့် ကုသရေးစနစ်ကြီးတစ်ခုလုံး ပီပြင်စွာ ပုံစံပေါ်လာပြီးနောက် အဆိုပါစနစ်မူဘောင်ပုံစံအတိုင်း လုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်များအောင်မြင်ရန်အတွက် မဟာဗျူဟာများ၊ နည်းဗျူဟာများချမှတ်ကာ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)နှင့်အညီ အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်လျက်ရှိရာတွင် ယခုသစ်လွင်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်များအနေဖြင့် လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ ပိုမိုတိုးတက်ကောင်းမွန်ရန် အကြံပြုချက်များ ပေးအပ်ကြစေလိုပါကြောင်း။

စီမံခန့်ခွဲမှု အထောက်အကူပြုကျန်းမာရေးသတင်းစနစ် (DHIS -2) ကို နိုင်ငံတစ်ဝန်းရှိ မြို့နယ်များနှင့် ဝန်ကြီးဌာနမှဆေးရုံ ၅၈၅ ရုံတွင် အသုံးပြုနိုင်၍ ကျေးလက်ကျန်းမာရေးဌာနများအဆင့်အထိ အသုံးပြုနိုင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူထောက်ပံ့ရေးတွင် စနစ်တကျဖြစ်စေရန် စီစဉ်ထားရှိပြီးဖြစ်ကာ ဆေးဝါးတောင်းခံခြင်း၊ ထောက်ပံ့ခြင်း၊ ဆေးလက်ကျန်စာရင်းများစိစစ်ခြင်းနှင့် ဆေးဝါးအလေအလွင့် နည်းပါးရေးအတွက် ဆေးဝါးများကို ပြန်လည်နေရာချထားပေးခြင်းတို့ကိုလည်း ကွန်ပျူတာစနစ်ဖြင့် မကြာမီဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ယခုသင်တန်းတွင် ဝန်ကြီးဌာနမှ ပို့ချဆွေးနွေးမှုများသည် ယခင်သင်တန်းများနှင့် မတူညီဘဲ ဝန်ကြီးဌာန၏ လုပ်ငန်းများကို ခြုံငုံနားလည်နိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သစ်လွင်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဆေးပညာကျင့်ဝတ်များကို အလေးထားလိုက်နာကျင့်သုံးဆောင်ရွက်ကြရန်နှင့် မိမိတို့၏ ပညာရပ်ကို ဆက်လက်တိုးတက်ရေး စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ အသံနှင့် ဝန်ထမ်းများ၏ အသံကို နားထောင်ကာ လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ရာတွင် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက သစ်လွင်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်များကို တာဝန်ချထားပေးရန် စီစဉ်ထားရှိမှုများကို အကျဉ်းချုံး ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၇၅ ဦး၊ သင်တန်းသူ ၃၀၄ ဦး စုစုပေါင်း ၅၇၉ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖောင်ကြီးတိုက်နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ်ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအဆင့်မြှင့်တင်ရေးဆိုင်ရာများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

## ငမြှောင်တောင် Fall Army Worm (FAW) ကျရောက်မှု ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယခုအခါ မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့) ကျိုင်းတုံမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆောင်းအစေ့ထုတ်ပြောင်းသီးနှံစိုက်ခင်းများတွင် ကျရောက်သော ငမြှောင်တောင်ပိုးမှာ ယခင်က မြန်မာနိုင်ငံတွင်ကျရောက်ဖူးခြင်းမရှိသေးသော ငမြှောင်တောင်ဖျက်ပိုးမျိုးစိတ်အသစ် Fall Army Worm (FAW)ဖြစ်ကြောင်း အတည်ပြုသတ်မှတ်ပါသည်။ ယင်းမျိုးစိတ်မှာ အာရှတိုက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၌ စတင်တွေ့ရှိခဲ့သည့် Fall Army Worm (FAW) Spodoptera Frugiperda မျိုးစိတ်ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံတွင် ရှိပြီးဖြစ်သော ငမြှောင်တောင်ပိုးမျိုးစိတ်နှင့် အနည်းငယ်ကွဲလွဲမှု ရှိပါသည်။

ငမြှောင်တောင်ဖျက်ပိုးမျိုးစိတ်အသစ်သည် ပျံ့နှံ့နှုန်းနှင့် ပေါက်ပွားနှုန်း အလွန်လျင်မြန်သဖြင့် ထိရောက်စွာကာကွယ်နှိမ်နင်းခြင်းမရှိပါက သီးနှံအထွက်နှုန်းလျော့ကျစေပြီး အကျိုးစီးပွားထိခိုက်နိုင်သဖြင့် အလေးထားကာကွယ်သင့်သည့် ဖျက်ပိုးဖြစ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖျက်ပိုးကာကွယ်နှိမ်နင်းရေးအတွက် ကြိုတင်အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ လက်ရှိစိုက်ပျိုးထားသော ဆောင်းအစေ့ထုတ်ပြောင်းသီးနှံစိုက်ခင်းများတွင် FAW ငမြှောင်တောင်ဖျက်ပိုးသည် အဓိကကျရောက်နေသဖြင့် ပိုမိုဆိုးရွားစွာပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများအတိုင်း အထူးအလေးထား ကာကွယ်နှိမ်နင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

**FAW ငမြှောင်တောင် ကာကွယ်နှိမ်နင်းနည်းလမ်းများ**

၁။ နေ့စဉ်ကွင်းဆင်းစစ်ဆေး၍ ဥမြုံများ၊ လောက်ကောင်ငယ်များကို လက်ဖြင့်ကောက်ယူဖျက်ဆီးပါ၊ လောက်ကောင်ကြီးများကို ပင်စည်ပတ်လည်ဝိုင်း၍ ထွက်နေသည့်အရွက်များအတွင်းတွင် ရှာဖွေဖျက်ဆီးပါ။
၂။ အပင်ငယ်စဉ် ဥမှပေါက်ခါစအကောင်ငယ်များ မပျံ့နှံ့မီလက်ဦးမှုယူ၍ ကာကွယ်နှိမ်နင်းပါ။
၃။ တမာ၊ ဆေးရွက်ကြီးများဖြင့် ပြုလုပ်ထားသောသဘာဝပိုးသတ်ဆေးကို လောက်ကောင်ငယ်အဆင့်တွင် ညနေခင်းအချိန်၌ ပက်ဖျန်းပေးပါ။
၄။ ပင်စည်ပတ်လည်ဝိုင်း၍ ထွက်နေသည့် အရွက်များအတွင်း လောက်ကောင်ငယ်များခြောက်၍သေစေရန်အတွက် ပြာမှုန့်၊ သဲမှုန့်၊ မီးသွေးမှုန့်နှင့် လွှစာမှုန့်များထည့်ပေးပါ။ ထုံး၊ ဆား၊ ရွှံ့ရည်နှင့် အဝတ်လျှော်ဆပ်ပြာများလည်း ထည့်ပေးနိုင်ပါသည်။
၅။ တစ်ပင်တွင်တစ်ကောင်သာနေပြီး အတွင်းပိုင်းကြီးထွားဆဲ အညွန့်၊ အနှံများနှင့် အဖူးများအတွင်း နေထိုင်စားသောက်တတ်ကြသဖြင့် ပျံ့နှံ့သွားပါက ဆေးဖျန်းခြင်းအတွက် ဆေးပိုမိုသုံးစွဲရန် လိုပါသည်။
၆။ စိုက်ခင်းအတွင်း မိတ်ဆွေပိုးများကို ထိန်းသိမ်းစောင့်ရှောက်ပါ။ ပုရွက်ဆိတ်နီ၊ လိပ်ခုံးကျိုင်း၊ အတောင်မာကျိုင်း၊ နားဖာချေးပိုး၊ ပုစဉ်း၊ ပင့်ကူ၊ ငှက်နှင့်နကျယ်အုပ်စုဝင် ကပ်ပါးများနှင့် ကပ်ပါးယင်များအား ထိန်းသိမ်းပေးပါ။
၇။ မီးထောင်ချောက်ထွန်းခြင်းကို တစ်ကွင်းတစ်စပ်တည်းလူထုလုပ်အားဖြင့် ဆောင်ရွက်ပါ။
၈။ ပိုတက်မြေဩဇာကို သုံးစွဲပေးပါ။
၉။ အသုံးပြုသင့်သောပိုးသတ်ဆေးများမှာ ဖလူဘန်ဒိုင်ရာမိုက် ၂၄ ရာခိုင်နှုန်း ဒဗလျူဒီဂျီ၊ ကလိုပိုင်ရီဖော့စ် ၅၀ ရာခိုင်နှုန်း + ဆိုက်ပါမီသရင် ၅ ရာခိုင်နှုန်း အီးစီ၊ ကလိုရန်ထရန်နီလီပရိုး ၅၁ ဒသမ ၅ ရာခိုင်နှုန်း အက်စ်စီ၊ အင်ဒိုဇာကပ် ၁၅ အက်စ်စီ၊ အင်ဒိုဇာကပ် ၁၅ အက်စ်စီနှင့် အင်ဒိုဇာကပ် ၁၇ + လန်ဒါ ဆိုင်ဟေလိုသရင် ၃ ရာခိုင်နှုန်း အက်စ်စီတို့ဖြစ်ပြီး ဆေးအညွှန်းပါအတိုင်း ထိရောက်စွာပက်ဖျန်းပါ။

**မှတ်ချက်။** ယခင်ကျရောက်လေ့ရှိသော ငမြှောင်တောင်ပိုးမျိုးစိတ်များအား နှိမ်နင်းသကဲ့သို့ စိုက်ခင်းပတ်လည် မြောင်းတူးခြင်းဖြင့် ထိရောက်စွာကာကွယ်နိုင်ခြင်းမရှိပါ။ ပိုးသတ်ဆေးယဉ်ပါးမှုများမဖြစ်ပေါ်စေရန် အညွှန်းစာ၌ပါသော ညွှန်ကြားချက်များအား အတိအကျလိုက်နာပါရန်နှင့် မတူညီသောဆေးအုပ်စုများအား အလှည့်ကျသုံးစွဲရန် လိုအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်တွင်းရေးရာ




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ချင်းတွင်းတံတား(ဟုမ္မလင်း) ဖွင့်ပွဲအခမ်းအနား တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ❒ ချင်းတွင်းတံတားမှ

ဖွင့်လှစ်သောနေ့ဖြစ်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ချင်းတွင်းတံတား(ဟုမ္မလင်း) ဖွင့်လှစ်နိုင်ခဲ့၍ ဒေသခံများနှင့် ထပ်တူဝမ်းသာကြည်နူးရပါသည်ဟု ပဏာမပြောကြားလိုပါကြောင်း။

### အချိုးညီညီဖွံ့ဖြိုး

ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် မိမိတို့အစိုးရအဖွဲ့၏ သက်တမ်း (၂)နှစ်နှင့် (၁၀)လခန့်ရှိပြီဖြစ်ပါကြောင်း၊ ဤကာလအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွင်း ဝေးလံခေါင်ဖျားသည့် ဒေသများပါမကျန် ဒေသအားလုံး ဟန်ချက်ညီညီ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ လမ်း၊ တံတား၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အဦပိုင်း တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့မှာလည်း အဆင့်အတန်းမြင့်မားလာမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ ချင်းတွင်းတံတား(ဟုမ္မလင်း)ပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။

### ပြီးစီးအောင်တည်ဆောက်

နိုင်ငံတော်သမ္မတက မြန်မာ့ရိုးရာနှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား၌ အခြေခံအဆောက်အဦပိုင်း တိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်ရေးတို့ကို ဆောင်ရွက်မည့် လျာထားချက်များကို ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့တွင် ကျင်းပခဲ့သည့် ရွှေသောင်ယံတံတား(မကျီးချောင်း) ဖွင့်ပွဲအခမ်းအနားတွင်လည်း အစိုးရ၏ လက်ကျန်သက်တမ်းအတွင်း ဒေသအလိုက် လိုအပ်နေသည့် တံတားအစင်းပေါင်း ၄၀၀ ကျော် ပြီးစီးအောင် တည်ဆောက်သွားရန် စီစဉ်ထားသည်ဟု ပြောကြားခဲ့ပါကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံတော်ကြီးကို “ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ မြန်မာနိုင်ငံ”အဖြစ် ဖြစ်ပေါ်လာရေးကို ဦးတည်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan - MSDP (2018-2030) ကိုလည်း ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ယင်း MSDP စီမံကိန်းတွင် ပါရှိသော သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုသည့် မဏ္ဍိုင်(၂)၊ ပန်းတိုင်(၃)၏ မဟာဗျူဟာ (၇) ရပ်ထဲတွင်လည်း “စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးမည့် ဦးစားပေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေး” ဆိုသည့် လုပ်ငန်းစဉ်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

### ဦးစားပေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီးသည် ဧရိယာကျယ်ဝန်းပြီး အထူးသဖြင့် အထက်ချင်းတွင်းဒေသသည် ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ခေတ်နောက်ကျကျန်ပြီး ခန္တီးဒေသသည် ဖွံ့ဖြိုးမှုနည်းပါးခဲ့ပါကြောင်း၊ ဒေသအတွင်း နေထိုင်ကြရသည့် တိုင်းရင်းသားများ၏ လူမှုဘဝများသည်လည်း မြင့်သင့်သလောက်မမြင့်ဘဲ နိမ့်ကျနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာရန် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်လာအောင် ဦးစားပေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သဘာဝအတားအဆီးများကိုကျော်လွှားနိုင်အောင် လိုအပ်သည့်နေရာများတွင် တံတားများ တည်ဆောက်ပေးခြင်းနှင့် လမ်းများကိုလည်း ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ချင်းတွင်းမြစ်ကြောင်းနှင့် သာမက ကုန်းလမ်းခရီးဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းအထိ လွယ်လင့်တကူ သွားလာနိုင်စေရန် လမ်းကွန်ရက်များ ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ လမ်းများ၊ တံတားများကောင်းမွန်ပြီး ဆက်သွယ်မှုအဆင်ပြေချောမွေ့မှသာ ပြည်သူများအကြား လွယ်လင့်တကူ ကူးလူးဆက်သွယ်သွားလာနိုင်ပြီး လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သလို ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိနိုင်မည်လည်းဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ချင်းတွင်းတံတား(ဟုမ္မလင်း)သည် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်းတံတားအရှည် ၂၇၆၂ ပေရှိသည့် သံကူကွန်ကရစ်တံတားဖြစ်ပါကြောင်း၊ ဤတံတားဖွင့်လှစ်လိုက်နိုင်သည့်အတွက် ဟုမ္မလင်းမှတစ်ဆင့် အိန္ဒိယနယ်စပ်အထိပါ တစ်ဆက်တည်း သွားလာနိုင်တော့မည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ခန္တီးဒေသနေတိုင်းရင်းသားများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပထမတစ်နှစ်တာအတွင်း “ပြောင်းလဲချိန်တန်ပြီ” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး အလုပ်အကိုင်ဖန်တီးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို အဓိကထား လုပ်ဆောင်ခဲ့ပါကြောင်း၊ ဒုတိယ(၁)နှစ်တာတွင် “ပြည်သူနဲ့အတူ” ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ရေးရာကိစ္စရပ်များကို ပြည်သူများနှင့်အတူ ပူးပေါင်းတာဝန်ယူဆောင်ရွက်ခဲ့ပြီး တတိယ(၁) နှစ်တာအတွင်း “စုပေါင်းအင်အား” ဆောင်ပုဒ်အတိုင်း တစုတစည်းတည်း ရပ်တည်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု စသည့် စုပေါင်းအင်အားဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများကလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ခေတ်ဟောင်းစနစ်ဟောင်းတစ်ခုမှ ခေတ်သစ်

**စာမျက်နှာ ၇ သို့** ❁



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့အား နာဂမျိုးနွယ်စုတိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ လေရှီးမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေကြစဉ်။

❀ စာမျက်နှာ ၆ မှ

စနစ်သစ်သို့ ပြောင်းလဲရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများစွာကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး လုပ်ငန်းစဉ်များမှ ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမည်ဆိုပါက အောင်မြင်မှုမုချရရှိမည်ဟု ယုံကြည်ပါကြောင်း။

**စုပေါင်းအင်အားဖြင့် ကျော်လွှား**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားများ တည်တံ့ခိုင်မြဲ တိုးတက်လာစေရန် မပြတ်သော သတိ၊ မလျှော့သော ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်သစ်အခါသမယမှစ၍ နောင်လာမည့် နှစ်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလို ဆောင်ရွက်သည့်နေရာတွင် ရရှိလာသည့် အခွင့်အလမ်းကောင်းများကို ပိုင်ပိုင်နိုင်နိုင် ဖမ်းဆုပ်နိုင်ရန် ကြိုးစားမည်ဖြစ်သလို ကြုံတွေ့လာမည့် စိန်ခေါ်မှုများကိုလည်း ပြည်သူနှင့်အတူ စုပေါင်းအင်အားဖြင့် ကျော်လွှားသွားမည်ဆိုသည့်အကြောင်း ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့နိုင်ငံ၏ အနာဂတ် ငြိမ်းချမ်းသာယာအောင်၊ နိုင်ငံသူ နိုင်ငံသားများ၏ဘဝ ချမ်းမြေ့ပျော်ရွှင်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်၊ ဦးတည်ချက်များကို ကြိုးပမ်း ပုံဖော်သွားမည်ဖြစ်ပါကြောင်းနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ၊ နိုင်ငံသူ နိုင်ငံသားများကလည်း နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြရန် ပန်ကြားအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ချင်းတွင်းမြစ်ကူး (ဟုမ္မလင်း)တံတား တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဟုမ္မလင်းတစ်ဖက်ကမ်းရှိ ကျေးရွာများအပါအဝင် ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ တမူးမြို့နယ်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ကလေး၊ ကလေးဝမြို့နယ်သို့ လည်းကောင်း ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားလုပ်ငန်းများတိုးတက်ကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အလားတူ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအနေဖြင့်လည်း ချင်းတွင်းတံတား (ဟုမ္မလင်း)အား ဖြတ်သန်းပြီး ကက်သာ-အောင်ဇေယျ-တမူးလမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုးရေးမြို့အထိ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည့် လမ်းကြောင်းတစ်ခုအနေဖြင့် ပွင့်လင်းလာမည်ဖြစ်ကြောင်း၊ ထို့ပြင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသများအတွက် အရေးပါသည့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး မိုင် ၃၃၀ ကျော် လမ်းမကြီးအား ရာသီမရွေး သွားလာနိုင်သည့် လမ်းမကြီးဖြစ်ရန် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် လျာထား ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ နာဂတိုင်းရင်းသား မျိုးနွယ်စုခေါင်းဆောင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တံတား တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ချင်းတွင်းတံတား (ဟုမ္မလင်း) တည်ဆောက်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ချင်းတွင်းတံတား (ဟုမ္မလင်း)အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းမွေးမွေးခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသန်းတို့က ချင်းတွင်းတံတား (ဟုမ္မလင်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

**ကုန်စည်များလျင်မြန်စွာစီးဆင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၂)က တည်ဆောက်ခဲ့သော ချင်းတွင်းတံတား (ဟုမ္မလင်း)သည် ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းမပေါ်တွင် တည်ရှိပြီး ဟုမ္မလင်းမြို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းရှိ ကက်သာကျေးရွာကို ဆက်သွယ်ထားကာ အလျား ၂၇၆၂ ဒသမ ၆ ပေ၊ အကျယ် ၂၈ ပေရှိပြီး တစ်ဖက်လျှင် သုံးပေအကျယ်ရှိ လူသွားလမ်း နှစ်လမ်းပါရှိသည့် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံမဏိ သံပေါင်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)အား တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ချင်းတွင်းအောက်ပိုင်းဒေသများ ဟုမ္မလင်းမြို့နယ်မှတစ်ဆင့် ချင်းတွင်းအနောက်ခြမ်းရှိ အိန္ဒိယနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်မြို့ဖြစ်သော တမူးမြို့နယ်နှင့် ကုန်စည်များ လျင်မြန်စွာ စီးဆင်းနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဟုမ္မလင်းလေဆိပ်မှ တပ်မတော် ရဟတ်ယာဉ်ဖြင့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပမည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့သို့ ရောက်ရှိကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များ၊ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများ နှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် လေရှီးမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတွင် ကျင်းပသည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်း လက်ထောက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဇေ ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ တောင်တန်းသာသနာပြုဆရာတော်ကြီးများနှင့် သီလရှင်ဆရာလေးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် လေရှီးမြို့ပေါ်တွင် တည်ဆောက်ထားသည့် နာဂတိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာအိမ်များသို့ သွားရောက်လေ့လာကြပြီး မျိုးနွယ်စုခေါင်းဆောင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

# တန်ကွန်နာဂမျိုးနွယ်စု ရိုးရာနပန်းသတ်ပွဲ စိတ်ဝင်စားသူများပြား

**လေရှီး ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် နာဂတိုင်းရင်းသား မျိုးနွယ်စုဖြစ်သည့် တန်ကွန်မျိုးနွယ်စုတို့၏ ရိုးရာအားကစားနည်းဖြစ်သော နပန်းသတ်ပွဲကို ပွဲတော်ကာလအတွင်း စိတ်ဝင်စားသူ များပြားလျက်ရှိကြောင်း သိရသည်။

နပန်းသတ်ပွဲတွင် ယှဉ်ပြိုင်ကြမည့်အင်အားကို "မ"ဂဏန်းအရေအတွက်အတိုင်း ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ အဖမ်းအဖွဲ့နှင့် အကာအဖွဲ့ဟူ၍ နှစ်ဖွဲ့ယှဉ်ပြိုင်ကြခြင်းဖြစ်ကာ ဒိုင်ချုပ်တစ်ဦး၊ အကူဒိုင်နှစ်ဦးတို့ဖြင့် ကြီးကြပ်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး အငြင်းပွားမှုများဖြစ်ပွားပါက ဒိုင်လူကြီး၏ အဆုံးအဖြတ်သည် အတည်အဖြစ် သတ်မှတ်ထားသည့် စည်းကမ်းချက်များပါဝင်ကြောင်း သိရသည်။

"ရိုးရာနပန်းသတ်ပွဲဆိုတာ ချိန်းပြီးတော့ ပွဲတော်တစ်ခုအနေနဲ့ ကျင်းပတာပါ။ တန်ကွန်နာဂမျိုးနွယ်စုရဲ့ ရိုးရာအားကစားတစ်ခု ဖြစ်ပါတယ်။ ရပ်ကွက်မှာ တကယ်သတ္တိရှိတယ်၊ ရင်ဆိုင်နိုင်တဲ့သူတွေကို လေ့ကျင့်ပေးတယ်။ အကာအဖွဲ့က စနစ်တကျနဲ့ ကာနိုင်တယ်ဆိုရင် ကာတဲ့အဖွဲ့က နိုင်တယ်။ ဖမ်းတဲ့အဖွဲ့ကလည်း စနစ်တကျနဲ့ နည်းစနစ်အတိုင်း ဖမ်းနိုင်တယ်ဆိုရင် ဖမ်းတဲ့အဖွဲ့က နိုင်ပါတယ်။ အဓိကကတော့ နည်းစနစ်ပိုင်နိုင်ဖို့၊ ကျန်းမာကြံ့ခိုင်ဖို့၊ စည်းလုံးညီညွတ်ဖို့လိုတယ်"ဟု ရိုးရာနပန်းသတ်ပွဲနှင့်ပတ်သက်ပြီး နာဂရိုးရာယဉ်ကျေးမှု ကော်မတီဒုဥက္ကဋ္ဌ ဦးရာပေါ့က ပြောသည်။

၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များက ရိုးရာနပန်းသတ်ပွဲကို စိတ်ဝင်တစားကြည့်ရှုကြကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# အခုတွေ့ဆုံမှုက မျှော်လင့်တာထက် ယုံကြည်မှုကို ပိုပြီးတည်ဆောက်နိုင်တယ်


ငြိမ်းချမ်းရေးကော်မရှင်(PC) နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) တို့ ဇန်နဝါရီ ၁၃ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

**ချင်းမိုင် ဇန်နဝါရီ ၁၄**
ရပ်တန့်နေသည့် တရားဝင်ဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်(PC) အတွင်းရေးမှူး ဦးခင်ဇော်ဦး ဦးဆောင်သည့်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး NCA စာချုပ်လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် ကရင်နီအမျိုးသားတိုးတက်ရေး(KNPP) နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မရှင်(PC) အတွင်းရေးမှူးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) နှင့် မွန်းလွဲပိုင်းတွင် ကရင်နီအမျိုးသားတိုးတက်ရေး(KNPP)နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

KNU၊ RCSS၊ KNPP တို့နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် အစိုးရကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ အဖွဲ့ဝင် ဦးအောင်စိုး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ နည်းပညာအထောက်အကူပြုအဖြစ် ဦးကျော်လင်းဦးတို့ပါဝင်ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်ရက်တာတွေ့ဆုံဆွေးနွေးမှုများကို သိရှိနိုင်ရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေအား ဆက်သွယ်မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဦးလှမောင်ရွှေ**

**မေး ။ ။ အခု NCA လက်မှတ်ရေးထိုးထားတဲ့ KNU၊ RCSS အပါအဝင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ KNPP တို့နဲ့ နှစ်ရက်တာတွေ့ဆုံဆွေးနွေးမှုအခြေအနေကို ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ။ ကျွန်တော်တို့ ဇန်နဝါရီလ ၁၂ ရက်နေ့က ချင်းမိုင်ကို ရောက်တယ်။ ၁၃ ရက်နေ့မှာ KNU ကိုယ်စားလှယ်အဖွဲ့နဲ့ ဆွေးနွေးတယ်။ ၁၄ ရက်နေ့မှာတော့ RCSS၊ KNPP တို့နဲ့ ဆွေးနွေးတယ်။ အလွတ်သဘောပါ။ အဓိကကတော့ NCA ရေးထိုးပြီးသားဖြစ်တဲ့ KNU နဲ့ RCSS တို့က တရားဝင်ဆွေးနွေးပွဲတွေကို ခဏရပ်ဆိုင်းထားတာရှိတော့ တရားဝင်ဆွေးနွေးပွဲတွေမှာ အမြန်ဆုံးပါဝင်လာနိုင်ဖို့အတွက် လိုအပ်တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ လာလုပ်တာဖြစ်ပါတယ်။ နိုဝင်ဘာလတုန်းကလည်း ကျွန်တော်တို့ ချင်းမိုင်ကိုလာခဲ့သေးတယ်။ အရင်တစ်ခေါက်ထက် အခုတစ်ခေါက်က KNU နဲ့ရော RCSS နဲ့ပါ နှစ်ဖက်စလုံးမှာ ပိုပြီးတိုးတက်မှုရှိတယ်။ သူတို့ရဲ့ ဆွေးနွေးချက်တွေကိုလည်း ကျွန်တော်တို့က ပြန်လည်ရှင်းပြနိုင်သလို အချို့ဟာတွေကိုလည်း ဆက်ဆွေးနွေးသွားဖို့ ရှိပါတယ်။ နောက် RCSS ကိုလည်း ဒီလမကုန်ခင် နေပြည်တော်မှာ အစည်းအဝေးတစ်ခုလုပ်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒါကို RCSS က လက်ခံတယ်။ အစည်းအဝေးကျင်းပမယ့်ရက်ကို RCSS ကို ပြန်လည်အကြောင်း ပြန်ပါမယ်။ KNU ကိုလည်း တရားဝင်ဆွေးနွေးပွဲတွေမှာ အမြန်ဆုံးပါဝင်လာနိုင်ဖို့နဲ့ စတင်ညှိနှိုင်းဖို့လိုတယ်ဆိုတာပြောပြီး ဒီလမကုန်ခင်မှာပဲ ရန်ကုန်မှာ တွေ့ဆုံဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒါကိုလည်း မူအနေနဲ့လက်ခံပြီး ရက်ကိုတော့ ပြန်လည်ညှိရမယ်ပြောပါတယ်။ ဒါကြောင့် နှစ်ဖွဲ့စလုံးက တိုးတက်မှုတွေရှိတယ်။

**မေး ။ ။ နိုဝင်ဘာလတုန်းက KNU နဲ့ အလွတ်သဘောဆွေးနွေးမှုမှာ နိုဝင်ဘာလကုန် သို့မဟုတ် ဒီဇင်ဘာလထဲတွေ့ဖို့ ရှိတယ်လို့ ပြောခဲ့တာရော တွေ့ဆုံခဲ့သေးလား။**

ဖြေ ။ ။ အဲဒီတုန်းက ကျွန်တော်တို့ရော KNU ရော နှစ်ဖက်စလုံး အလုပ်များနေတော့ KNU ဘက်က ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဆရာတူးတူးလေးနဲ့ ဒီဇင်ဘာလမှာ အလွတ်သဘော လာရောက်တွေ့ဆုံခဲ့တာရှိပါတယ်။ အခုတွေ့ဆုံမှုကတော့ မျှော်လင့်တာထက် ယုံကြည်မှုကို ပိုပြီးတည်ဆောက်နိုင်တယ်။ ပိုပြီးတော့ ဆွေးနွေးနိုင်ခဲ့တယ်။ အဲဒီအတွက် ဝမ်းသာပါတယ်။

**မေး ။ ။ အပစ်ရပ်စာချုပ် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ KNPP နဲ့ အလွတ်သဘော တွေ့ဆုံမှုကရော ဘယ်လိုအခြေအနေမျိုး ရှိပါလဲခင်ဗျာ။**

ဖြေ ။ ။ KNPP နဲ့ က ၂၀၁၂ မတ်လမှာ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့တယ်။ နောက် ပြည်ထောင်စုအဆင့် သဘောတူညီဖို့လည်း ရှိပါတယ်။ အဲဒီနောက်ပိုင်း ပဋိပက္ခကြီးကြီးမားမားမရှိပေမယ့် ထိတွေ့မှုအနည်းအကျဉ်း ဖြစ်ခဲ့တာရှိတယ်။ ဒါကြောင့် KNPP နဲ့ ကျွန်တော်တို့ကြားမှာ NCA လက်မှတ်ရေးထိုးဖို့ အခက်အခဲမရှိဘူး။ ဘာအခက်အခဲပဲရှိသလဲဆိုတော့ KNPP အဖွဲ့ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဒေသန္တရဆိုင်ရာအခက်အခဲနဲ့ ကျွန်တော်တို့ဘက်က ဝိုင်းဝန်းကူညီဖြေရှင်းရမယ့် အချက်အချို့ ရှိတယ်။ KNPP သည် NCA ထိုးဖို့ ရည်ရွယ်ပြီးသားဖြစ်တယ်လို့ ပြောတယ်။ အခုလည်း ထပ်ပြောပါတယ်။ လက်မှတ်ထိုးဖို့ပဲ ကျန်တယ်။ ကျန်တဲ့အချက်တွေကိုတော့ သဘောတူညှိနှိုင်းဖို့ပဲ ရှိတယ်။ ဒါကြောင့် ဒီတစ်ခေါက် အလွတ်သဘော တွေ့ဆုံမှုက အောင်မြင်တယ်လို့ သတ်မှတ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့အနေနဲ့ ဒီနှစ်ထဲမှာ ညီလာခံကို အနည်းဆုံး နှစ်ကြိမ်ကျင်းပနိုင်ဖို့စီစဉ်နေတာကို ကျွန်တော်တို့ရဲ့ အထူးအစည်းအဝေးမှာ ဆုံးဖြတ်ထားတာဖြစ်တဲ့အတွက် အပေါင်းလက္ခဏာဆောင်နိုင်အောင် လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေကို ဒီလမကုန်ခင်မှာ ကြိုတင်ပြင်ဆင်ညှိနှိုင်းမယ့် အစည်းအဝေးတွေခေါ်ဖို့ စီစဉ်နေတာရှိပါတယ်။ အဲဒါအတွက်လည်း လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေနဲ့ ညှိနှိုင်းရပါမယ်။

**မေး ။ ။ KNU နဲ့ RCSS တို့က တရားဝင်ဆွေးနွေးပွဲတွေမှာပါဝင်ဖို့ ခေတ္တဆိုင်းငံ့ထားခဲ့တဲ့ အခက်အခဲတွေက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ။ ဒါကတော့ သူတို့ရဲ့ ထုတ်ပြန်ကြေညာချက်တွေမှာ ရေးထားတာရှိပါတယ်။ အဲဒီကြေညာချက်တွေကို ကျွန်တော်တို့က တစ်ချက်ချင်း ဆွေးနွေးတာရှိပါတယ်။ အချို့အချက်တွေကတော့ သူတို့ထင်မြင်သလို မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ ရှင်းပြနိုင်တယ်။ အချို့အချက်တွေကိုတော့ သူတို့နဲ့ ကျွန်တော်တို့ကြားထဲမှာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်။ အချို့အချက်တွေကတော့ သူတို့နဲ့ ကျွန်တော်တို့ချည်းပဲ သဘောတူညီလို့မရဘူး။ ကျန်တဲ့အဖွဲ့ဝင်တွေနဲ့ပါ လုပ်ရမယ့် သဘောတူညီမှုရှိတဲ့အတွက် အဲဒီအရာတွေကိုပါ ဆွေးနွေးဖြစ်ပါတယ်။

**မေး ။ ။ KNU နဲ့ RCSS က NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေထဲမှာ အခိုင်မာဆုံးနှစ်ဖွဲ့ဖြစ်နေတော့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာနိုင်မလဲဆိုတာ ပြောပြပေးပါဦး။**


ဖြေ ။ ။ NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက အဓိကသယ်ဆောင်လာတာဖြစ်တော့ အဲဒီဖြစ်စဉ်အတိုင်းသွားမယ်ဆိုရင် နိုင်ငံရေးသဘောတူညီမှုတွေ ရအောင်ယူဖို့လိုတယ်။ အဲဒီသဘောတူညီချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အနေနဲ့ ဆက်ပြီး အကောင်အထည်ဖော်ဖို့လိုတယ်။ ဒါတွေက NCA လမ်းညွှန်ချက်ထဲမှာပါတော့ ကျွန်တော်တို့ ဒီအတိုင်းပဲ ဆက်ဆောင်ရွက်ရပါမယ်။ ကျွန်တော်တို့အားလုံးရဲ့ကြားထဲမှာ အခက်အခဲရှိတာက အဓိပ္ပာယ်လွဲတာ၊ နောက်ခုနက ပြောခဲ့တဲ့ ယုံကြည်မှုကို ပိုမိုတည်ဆောက်ဖို့လိုတာတွေကတော့ ဆက်ဆောင်ရွက်ရပါမယ်။

**မေး ။ ။ ၂၀၁၉ မှာ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရရဲ့ အစီအစဉ်ကို ပြောပြပေးနိုင်မလား။**

ဖြေ ။ ။ ၂၀၁၉ က ကျွန်တော်တို့ အစိုးရရဲ့ အစီအစဉ်မဟုတ်ဘူးလေ။ ညှိနှိုင်းပြီး သွားရမှာဖြစ်တယ်။ ကျွန်တော်တို့က ၂၀၁၉ မှာ ညီလာခံ နှစ်ကြိမ်ခေါ်နိုင်ဖို့ ကြိုးစားမယ်။ ဒါကလည်း ဆွေးနွေးပြီးသားဖြစ်ပါတယ်။ ဒီအတွက်လည်း ယုံကြည်မှုကိုတည်ဆောက်ရမယ်။

**သတင်းနှင့် တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်**

### ဖုန်းအမျိုးအစားအလိုက် အနည်းဆုံး ဖုန်းတစ်လုံးပိုင်ဆိုင်သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း




မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) မှ ကောက်နုတ်တင်ပြပါသည်။
ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများခွင့်ပြုပေးမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၀-၁-၂၀၁၉)ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင်(၂၆-၁၁-၂၀၁၈)ရက်နေ့မှ(၂၁-၁၂-၂၀၁၈)ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူနှစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၂၁ ဦး ပေါင်း ၂၇ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ခုနစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့်(၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၄၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၅၃၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၄၈ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၂၃၀ အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂/၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင်ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
| --- | --- | --- |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ၏ မြောက်ဘက် ကျွန်းတောအနီး မူးယစ်ဆေးဝါးများရောင်းဝယ် လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁-၂၀၁၉ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ၏ မြောက်ဘက်ကျွန်းတောအနီး ရော်ဘာခြံရှိ နေအိမ်တဲအား သတင်းအရ ဝင်ရောက်ရှာဖွေရာ တင်အေး (၆၆) နှစ်၊ (ဘ)ဦးအိုက်ကံအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို)မယ(ပ)၄/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ တောင်ချောင်းပေါက်တဲတိုက်နေ လှမြိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁-၂၀၁၉ ရက်နေ့တွင် မြို့သစ်မြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ တောင်ချောင်းပေါက်တဲတိုက်နေ လှမြိုင်(၃၆)နှစ်၊ (ဘ) ဦးကိုငယ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြို့သစ်) မယ(ပ) ၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများမူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၃၂) မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၉)ဦး၊ မ(၃)ဦး၊ ပေါင်း(၃၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၆-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)၊ သင်္ချိုင်းကုန်းအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းရပ်ကွက်နေ ကျော်စိုး(ခ)ကျားဟွေ့(၃၂)နှစ်၊ (ဘ) ဦးခွန်လောက်တာအား 88/1 စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ (ပ)၄/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊၉-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)၊ သင်္ချိုင်းကုန်းအနီး ကာလိုင်ကျေးရွာအုပ်စု၊ ဇွမ်အောင်ကျေးရွာနေ ဂမ်အောင်(၂၀)နှစ်၊ (ဘ)ဦးလရောင်နှင့် နော်ဘောက်(၂၀)နှစ်၊ (ဘ)ဦးဘရမ်မိုင်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ ၎င်းတို့ထံမှ 88/1 နှင့် 7 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့်လည်းကောင်း၊ ၁၁-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)၊ လမ်းသွယ်(၂)၌ ၎င်းရပ်ကွက်နေ ကော်ချန်း(၄၅)နှစ်၊ (ဘ)ဦးကော်ဝမ်ကျန်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၇/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၀)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၈-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၇)၊ မုံတဝလမ်းနှင့် ဘုရားကုန်းအတက် လမ်းထောင့်၌ စောင့်ဆိုင်းနေစဉ် ၎င်းရပ်ကွက်၊ နယ်မြေ(၇)၊ စံပယ်လမ်းနေ ဇော်မင်းထိုက်(ခ)ကုလား(ခ) ဂျစ်ကနူး(၃၀)နှစ်၊ (ဘ)ဦးမြင့်နိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး)မယ(ပ)၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၂-၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၅၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၅၉၉)ဦး၊ မ (၁၁၁)ဦး၊ ပေါင်း(၇၁၀) ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၆၆၆. ၁၇)ဂရမ်၊ ICE (၂၅. ၀၁)ဂရမ်၊ ဘိန်း (၃၈၆၀၆. ၄၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉. ၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅. ၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃. ၉၉)ဂရမ်၊ စိတ်ကြွဆေးပြား (၂၀၇၀၆၆)ပြား၊ ဆေးခြောက်(၃၇၀၄. ၀၃)ဂရမ်၊ ဘိန်းရည် (၀. ၁)လီတာ၊ ဘိန်းဆီခဲ(၂၆၈. ၀၆)ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃. ၄၅)ဂရမ်၊ Ecstasy အကြေ (၀. ၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၁၄)လက်၊ ကျည်မျိုးစုံ(၂၁၁)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ဆောင်ရွက်ခဲ့ရာ ယခုပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မဒိန်ကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၃၄၆၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ မန်ရကျေးရွာအနီး ဟန်ထက်-မန်ရသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ (၄)ရပ်ကွက် ကားလမ်းမပေါ်၌ သတင်းအရ Mazda ယာဉ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈၀) ပြား၊ မော်တော်ယာဉ်(၁)စီး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဖဲထော်ကျေးရွာ၌ တရားခံ အမျိုးသမီး (၁)ဦးထံမှ ဘိန်းစာရွက်(၂၅၈၀)ဂရမ်၊ ရေးမြို့နယ်၊ ခေါဇာမြို့၊ ကော့လှိုင်ကျေးရွာ၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၉၇)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ (၆)မိုင်ကျေးရွာအနီး တောင်ကြီး-ဟိုပုံးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ Revo ယာဉ်အားရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀၀)ပြား၊ ICE (၄၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကလောမြို့နယ်၊ ရေယားကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းစိမ်း(၂၆၀၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၁) ဦးထံမှ ဘိန်းစိမ်း(၅၃၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖယ်ခုံမြို့နယ်၊ နားဟီးကျေးရွာအနီး နားကုန်းရွာနှင့် ကာလရွာသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၄၄၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုင်းကိုင်မြို့နယ်၊ ပန်ကေတုရွာအနီး အမျိုးသား(၁)ဦးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဆာလာအိတ် (၁)အိတ်အား ပစ်ချထွက်ပြေးသွားခဲ့သဖြင့် စစ်ဆေးရာ ဆာလာအိတ်အတွင်းမှ အမည်းရောင် ပလတ်စတစ်အိတ်နှင့်ထည့်လျက် ဘိန်းဖြူ(၃၈၂၈၀)ဂရမ်၊ ဘိန်းစိမ်း(၃၁၀၂၇)ဂရမ်၊ လားရှိုးမြို့၊ ခါးသျှီးကျေးရွာအဝင် လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းစိမ်း (၇၀၀၀) ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ တန့်ယန်းမြို့၊ ရပ်ကွက်(၅)၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား( ၃၀၀၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ မူဆယ်မြို့နယ်၊ ဟိုနောင်ကျေးရွာလမ်းခွဲတွင် ယခင်သီတင်းပတ်၌ ဖမ်းဆီးရမိအမှုမှ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တိန်းလုံကျေးရွာတောင်ခြေ၌ ရပ်တန့်ထားသည့် Dongfeng (၁၂)ဘီး ယာဉ်နောက်ခန်းရှိ ပလတ်စတစ်ပုံးများအတွင်းမှ Ethyl Ether (၈၉၆၀)လီတာ၊ Methanol (၂၀၈၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၉၀)ပြား၊ ဘိန်းဖြူ(၂၀၀)ဂရမ်၊ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းမပေါ်၌ သတင်းအရ AD Van ယာဉ်အား ရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ တာချီလိတ်မြို့၊ ဝမ်မိုင်ရပ်ကွက် ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂) ဦးတို့ထံမှ ICE(၁၀၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ တုံမဖွဲ့ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၃၂) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၇၄) ပြား၊ ဘိန်းဖြူ (၁၉၀)ဂရမ်၊ တမူးမြို့၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၊ အမှတ်(၁)ဂိတ်အနီး၌ တရားခံအမျိုးသား(၁) ဦးထံမှ ဘိန်းဖြူ (၁) ဂရမ်၊ Buprenorphine Tablet (၆)ပြား၊ မြို့မ(၁၂/ခ)ရပ်ကွက်အနီး၌ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၀. ၅)ဂရမ်၊ Buprenorphine Tablet (၃၆)ပြား၊ ခမ်းပါတ်မြို့၊ အမှတ်(၅)ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀. ၃)ဂရမ်၊ BuprenorphineTablet (၈)ပြား၊ ခန္တီးမြို့နယ်၊ နန်စီပွန်ဒေသ၊ ရွှေပြည်သာ ကျေးရွာအုပ်စု၊ လသာတိုးချဲ့ကွက်သစ်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဖြူ (၂၁၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မြိတ်မြို့၊ အထက်ရေပုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၂၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီးနှင့် မြိတ်မြို့၊ ခရူတောရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၀၀၀၀)ပြား ထပ်မံဖမ်းဆီးရမိခဲ့သည်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရတနာပုံ ရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၆)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၈၉)ပြား၊ ဆိုင်ကယ်(၃) စီး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြို့ရှောင်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြ သာစည်မြို့နယ်၊ သံလျှက်မှော်(တောင်)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃၈)ပြား၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ မူဆယ်မှမန္တလေးသို့ ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀၀၀)ပြား၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၀၀)ပြား၊ မြစ်သားမြို့၊ ရွှေသူဌေးရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၀၄၀)ပြား၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာ၊ မိုင်တိုင် အမှတ်(၃၈/၃-၄)၌ ယာဉ်အားရပ်တန့်စစ်စစ်စဉ် တောင်ကြီးမှမိတ္ထီလာသို့ ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော တရားခံအမျိုးသား (၁) ဦးထံမှ ဘိန်းစိမ်း (၁၅၀၀)ဂရမ်၊ ဘိန်းဆီခဲ (၆၅၀) ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ (၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၇၀)ပြား၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး (တောင်) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၆၀)ပြား၊ ဆေးခြောက် (၂၂၈)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အမှတ်(၁၉)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၁)ပြား၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ လက်နက်များနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခု ရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ (၁၄)မိုင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၄)ပြား၊ ICE (၁)ဂရမ်၊ တူမီးသေနတ်(၂)လက်၊ ဆိုင်ကယ် (၁) စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၆-၁-၂၀၁၉ ရက်နေ့မှ ၁၂-၁-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၁၉)မှုတွင် တရားခံ ကျား (၂၈၂) ဦး၊ မ(၃၇)ဦး၊ ပေါင်း(၃၁၉)ဦးကို ဘိန်းဖြူ(၄၂၆၆၇. ၄)ဂရမ်၊ ICE(၁၄၁၈၅. ၁)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၅) ဂရမ်၊ ဘိန်းစိမ်း (၁၀၀၆၆၇. ၆၄)ဂရမ်၊ ဘိန်းစာရွက်(၂၅၈၀)ဂရမ်၊

**စာမျက်နှာ ၁၁ သို့ »»**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(စစ်ကိုင်း) ဒုတိယနေ့တွင် လာရောက်ဆင်နွှဲသူများဖြင့် စည်ကား

**စစ်ကိုင်း ဇန်နဝါရီ ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ကို ယနေ့ ဆက်လက်ပြီး စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ လာရောက်ဆင်နွှဲသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

**တစ်ခဲနက်အားပေး**

ပြပွဲတွင် စစ်ကိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ လာရောက်ဖျော်ဖြေသည့် ရိုးရာယဉ်ကျေးမှုအကများနှင့် တိုင်းရင်းသားအကများ၊ ဆင်အကနှင့် ခြင်းလုံးခတ်ကစားခြင်းတို့တွင် ပွဲတော်လာရောက်ဆင်နွှဲကြသူများ တစ်ခဲနက်အားပေးကြသည်။

ထို့ပြင် ပြပွဲကျင်းပရေးကော်မတီက စီစဉ်ထားသည့် ကဗျာရွတ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် အခြားပျော်ရွှင်ဖွယ်ရာ ကစားနည်းများတွင် ကျောင်းသား ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့၏ ပြခန်းများနှင့် စစ်ကိုင်းခရိုင်အတွင်းမှ လက်မှုထုတ်ကုန်ပြခန်းများတွင်လည်း ကျောင်းသား ကျောင်းသူများ၊ ကလေးငယ်များ၊ ဆရာ ဆရာမများ၊ ပြည်သူများ စိတ်ဝင်တစား ဝင်ရောက်လေ့လာကြပြီး ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်တွင် စာအုပ်အရောင်းဆိုင်ပေါင်း ၈၁ ဆိုင် ဖွင့်လှစ်ရောင်းချခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်က ရောင်းချရငွေ စုစုပေါင်း ၁၆၅ သိန်းကျော်ရှိပြီး ယနေ့တွင် ၂၅၅ သိန်းကျော်ရှိကြောင်း သိရသည်။

ပွဲတော်တွင် လာရောက်ဆင်နွှဲသူများအား စစ်ကိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း၊ မာမားခေါက်ဆွဲ၊ အိုဗာတင်းနှင့် Best White ကော်ဖီတို့မှ အစားအစာ၊ အချိုရည်နှင့် ရေသန့်ဘူးများကို အာဟာရဒါနအဖြစ် ဝေငှခဲ့ကြသည်။



**အားထည့်ယှဉ်ပြိုင်**

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများမှာ နောက်ဆုံးဗိုလ်လုပွဲများဖြစ်၍ ယမန်နေ့ကထက် ပိုမိုအားထည့် ယှဉ်ပြိုင်ခဲ့ကြပြီး အားပေးသူလည်း ပိုမိုများပြားသည်။ ညနေပိုင်း ပြိုင်ပွဲများတွင် ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်သည့်စာပေဟောပြောပွဲတွင် မြင်းမူမောင်နိုင်မိုးက ကဗျာထဲက ဘဝ၊ ဘဝထဲက ကဗျာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာရဲသျှမ်းက ဇ - ဇရပ်မှာ တည်းခိုပါ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ ထို့ပြင် စာပေဆွေးနွေးပွဲကို အတန်းပညာနှင့် အတတ်ပညာ ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်၊ ဆရာသစ်ဝေခ၊ အမောင် (ပုဂံ)၊ ဆရာဇော်နောင်ဟိန်း၊ ဆရာသက်နိုင်ထွန်းတို့က ဆွေးနွေးကြပြီး တက်ရောက်သူ ၂၅၀ ကျော် ရှိကြောင်း သိရသည်။

**စာပေဟောပြော**

ယနေ့ပြုလုပ်သည့် စာပေဟောပြောပွဲတွင် ဆရာမျိုးသူရ (စစ်ကိုင်း)က ငါတို့ခေတ်၊ မင်းတို့ခေတ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာဇော်နောင်ဟိန်းက လူငယ်တွေ ခွန်အားရှိဖို့လိုသည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ပြီး တက်ရောက်သူ ၇၀ ကျော်ရှိကြောင်း သိရသည်။

ကလေးစာပေပွဲတော် (စစ်ကိုင်း)သို့ ဇန်နဝါရီ ၁၃ ရက်တွင် လာရောက်ပါဝင်ဆင်နွှဲသူ ခုနစ်သောင်းကျော်ရှိပြီး ယနေ့တွင် အင်အား ရှစ်သောင်းကျော်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ ဓာတ်ပုံ - အောင်ဖြိုးကျော်**



ပျော်စရာရွှင်စရာကစားနည်းများတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲနေကြစဉ်။



ကလေးစာပေပွဲတော်တွင် ရောင်းချပေးနေသည့် စာအုပ်ဆိုင်များတွင် ကျောင်းသား ကျောင်းသူများ စာအုပ်ဝယ်ယူနေကြသည်ကို တွေ့ရစဉ်။

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (စစ်ကိုင်း)သို့ လာရောက်ပါဝင်ဆင်နွှဲကြသူများ၏ ရင်တွင်းစကားသံများ

**စစ်ကိုင်း ဇန်နဝါရီ ၁၄**

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဒုတိယနေ့ကျင်းပရာ လာရောက်ဆင်နွှဲသူများ၏ ရင်တွင်း စကားသံများကို စုငုတ်တင်ပြလိုက်ပါသည်။

**မပြည့်ပြည့်ဖြိုးမွန်**
**(နဝမတန်းကျောင်းသူ၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ စစ်ကိုင်း)**

ကလေးစာပေပွဲတော်မှာ သမီးတို့ကျောင်းက ပါဝင်ပြသတဲ့ ဓာတုဗေဒပြခန်းမှာ လက်တွေ့ဆောင်ရွက်မှုတွေ ပြသပေးဖို့ ပွဲတော်ကို ရောက်တာပါ။ သမီးတို့ ပြခန်းကို လာရောက်ကြည့်ရှုတဲ့ ကျောင်းသား ကျောင်းသူတွေကို ဟိုက်ဒရိုဂျင်ဓာတ်ငွေ့နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်ဖော်ပုံတွေကို လက်တွေ့ပြသခဲ့ပါတယ်။ နောက်ပြီး ကျောင်းကထုတ်တဲ့ ဆပ်ပြာနဲ့ ဓာတုဗေဒပစ္စည်းတွေကိုလည်း ရောင်းချပေးခဲ့ပါတယ်။ ဖျော်ဖြေရေးအစီအစဉ်အနေနဲ့ ရေဗေဒင်လည်း တွက်ပေးခဲ့ပါတယ်။

လက်တွေ့ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေကို လေ့လာခွင့်ရတဲ့ ကျောင်းသားကျောင်းသူတွေအနေနဲ့ ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးမယ်လို့ ထင်ပါတယ်။ အခြားဌာနဆိုင်ရာတွေက ပြသတဲ့ ပြခန်းတွေကလည်း ဗဟုသုတ များစွာရပါတယ်။ လာရောက် ဖွင့်လှစ်ရောင်းချတဲ့ စာအုပ်အရောင်းဆိုင်တွေကြောင့် ကိုယ်လိုချင်တဲ့ စာအုပ်တွေကို တစ်နေရာတည်းမှာ ဝယ်ယူခွင့်ရခဲ့ပါတယ်။ ဒါကြောင့် အခုလို ကလေးတွေအတွက် ဦးစားပေးပြီး ကျင်းပတဲ့ ပွဲတော်တွေမှာ ပါဝင်ဆင်နွှဲစေချင်ပါတယ်။

**ဒေါ်ကျော့ကျော့ခိုင်**
**(အထက်တန်းပြ ဆရာမ၊ လေ့ကျင့်ရေး အထက်တန်းကျောင်း၊ စစ်ကိုင်း)**

ကလေးစာပေပွဲတော်တွေက ကလေးတွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် အမှန်တကယ် လိုအပ်ပါတယ်။ အခုကာလလို နည်းပညာမြင့်ပစ္စည်းတွေ ပေါများလာချိန်မှာ လူငယ်တွေ စာအုပ်စာပေတွေအပေါ် စိတ်ဝင်စားမှု အားနည်းလာတာကို ပြန်ပြီး စိတ်ဝင်စားမှုမြင့်တက်လာစေပါတယ်။ ပါဝင်ပြသတဲ့ ပြခန်းတွေမှာလည်း ဗဟုသုတတွေအများကြီး ရရှိနိုင်ပါတယ်။ စာအုပ်မျိုးစုံကို တစ်နေရာတည်းမှာ ရွေးချယ်ဝယ်ယူနိုင်တဲ့အတွက် ကလေးစာပေပွဲတော်လို့ အမည်တပ်ထားပေမယ့် လူကြီးတွေ၊ ကျွန်မတို့လို ဆရာ ဆရာမတွေ အတွက်လည်း များစွာ အကျိုးရှိပါ တယ်။ အခုလို ကျွန်မတို့ စစ်ကိုင်းမြို့မှာ ကလေး စာပေပွဲတော် လာရောက်ကျင်းပ ပေးတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**မောင်သုနေစံ**
**(ပဥ္စမတန်း၊ ရင်သွေးရတနာကိုယ်ပိုင်ကျောင်း)**

သားက ကလေးစာပေပွဲတော်မှာ ချစ်သောကမ္ဘာမြေ တေးသရုပ်ဖော် တင်ဆက်မှုမှာ အစီအစဉ်တင်ဆက်သူအနေနဲ့ရော၊ ကုမ္ပဏီပိုင်ရှင်တစ်ဦး အနေနဲ့ပါ ပါဝင်ခဲ့ပါတယ်။ သားအနေနဲ့ အစီအစဉ်တွေကို ဖတ်ကြားတဲ့အခါမှာ အင်္ဂလိပ်လိုပြောပြီး တင်ဆက်ခဲ့ပါတယ်။ လူအများရှေ့မှာ တင်ဆက်ခဲ့ရတာဖြစ်လို့ စိတ်လှုပ်ရှားမှုရှိခဲ့ပေမယ့် ကြောက်စိတ်တော့ မဖြစ်ခဲ့ပါဘူး။ အခုလိုပွဲမျိုးကို အရင်ကလည်း ဆောင်ရွက်ခဲ့ဖူးပါတယ်။ အခု ကျင်းပတဲ့ ကလေးစာပေပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ ပြပွဲမှာ ပြသထားတဲ့ ပြခန်းတွေထဲမှာ သိပ္ပံပညာနဲ့ ပတ်သက်တဲ့ ပြခန်းတွေကို ပိုပြီးစိတ်ဝင်စားပါတယ်။

**စာမျက်နှာ ၁၁ သို့** ■


မပြည့်ပြည့်ဖြိုးမွန်


ဒေါ်ကျော့ကျော့ခိုင်


မောင်သုနေစ်


မောင်ထူးသုတလင်းအောင်


ဦးဝင်းမင်းဦး


ကိုဇော်


ဦးအောင်ကြီး

■ စာမျက်နှာ ၁၀ မှ
ကိုယ်တိုင် ကြီးပြင်းလာတဲ့အခါမှာလည်း တီထွင်ဖန်တီးမှုတွေဆောင်ရွက်နိုင်တဲ့ သိပ္ပံပညာရှင်တစ်ယောက် ဖြစ်ချင်ပါတယ်။

**မောင်ထူးသုတလင်းအောင် (မူလတန်းအောက်အဆင့် ကဗျာရွတ်ပြိုင်ပွဲ ပထမဆုရှင်)**

သားတို့အဆင့်မှာ ၄၈ ယောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ သားက ပထမဆုရခဲ့ပါတယ်။ သားရွတ်ဆိုခဲ့တဲ့ ကဗျာက ဥပုသ်စောင့်ကဗျာဖြစ်ပါတယ်။ ဒီကဗျာကို အလွတ်ရပြီဖြစ်ပေမယ့် ပြိုင်ပွဲအတွက် ငါးရက်လောက် ကြိုပြီးလေ့ကျင့်ပါတယ်။ အခုကျင်းပတဲ့ ကလေးစာပေပွဲတော်မှာ ပုံပြင်စာအုပ်တွေ၊ ရုပ်ပြစာအုပ်တွေ၊ ကဗျာစာအုပ်တွေနဲ့ ဉာဏ်စမ်းပဟေဠိစာအုပ်တွေ ဝယ်ဖြစ်ပါတယ်။ သားဆန္ဒကတော့ စစ်ကိုင်းမှာ အခုလို ကလေးစာပေပွဲတော်ကို နှစ်စဉ် ကျင်းပပေးစေချင်ပါတယ်။

**ဦးဝင်းမင်းဦး(ကျောင်းအုပ်၊ ကျားမင်းကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း)**

အခုကျင်းပတဲ့ ကလေးစာပေပွဲတော်မှာ ကျွန်တော်တို့ကျောင်းအနေနဲ့ ဖူဆယ်ဘောလုံးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲလာဝင်တဲ့အခါမှာ ပြိုင်ပွဲကျင်းပရေးကော်မတီနဲ့ ချိတ်ဆက်ဆောင်ရွက်မှု တိကျသေချာတဲ့ လမ်းညွှန်မှုမရရှိခဲ့ပါဘူး။ ဒါကြောင့် တိကျသေချာတဲ့ လမ်းညွှန်မှုတွေ ရချင်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား ၃၀၀ ကျော်ရှိပေမယ့် ပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရခဲ့တဲ့ ကျောင်းသားကတော့ ဘဏ္ဍာရေးအခြေအနေအရ နည်းပါးပါတယ်။ အခုလိုပွဲတော်ကြီးမှာ ကျောင်းသားအားလုံး ပါဝင်ဆင်နွှဲနိုင်ဖို့ သက်ဆိုင်ရာတွေက စီစဉ်ဆောင်ရွက်ပေးစေချင်ပါ တယ်။ အခု ကျွန်တော်တို့ကျောင်းက ပါဝင်ယှဉ်ပြိုင်တဲ့ ဖူဆယ်ဘောလုံးပြိုင်ကွင်းဟာလည်း အရည်အသွေးနိမ့်နေတာကို တွေ့ပါတယ်။ အခြားဖျော်ဖြေရေးအစီအစဉ်တွေနဲ့ ပြိုင်ပွဲတွေမှာ အဆင်ပြေနေတာတွေ့ရ တဲ့အတွက် ဝမ်းသာပါတယ်။ စစ်ကိုင်းခရိုင်မှာ ကျင်းပတဲ့အခါ စစ်ကိုင်းခရိုင်အတွင်းမှာရှိတဲ့ ကျောင်းသားကျောင်းသူအားလုံး ပါဝင်ဆင်နွှဲနိုင်ဖို့ သက်ဆိုင်ရာတွေက စီစဉ်ဆောင်ရွက်ပေးစေချင်ပါတယ်။

**ကိုဇော်(အသံချဲ့စက်ငှားရမ်းသူ)**

အခုကျင်းပတဲ့ ကလေးစာပေပွဲတော်မှာ စတူဒီယိုပိုင်းနဲ့ပတ်သက်ပြီး ဝန်ဆောင်မှုပေးထားပါတယ်။ ပွဲတော်ကာလအတွင်းမှာ မြင်တွေ့နေရတာတွေကတော့ ပြင်ပက စားသောက်ဆိုင်တွေ ခွင့်ပြုမထားတဲ့အတွက် ပွဲတော်မှာ လာရောက်ဆင်နွှဲသူတွေ ဝယ်ယူစားသောက်ဖို့ အခက်အခဲရှိတာကို တွေ့ရပါတယ်။ လူသောင်းနဲ့ချီပြီး တစ်နေကုန်ကျင်းပတဲ့ အခုလိုပွဲမျိုးမှာ ရေ၊ အချိုရည်နဲ့ အစားအသောက်တွေ လိုအပ်မှာ အမှန်ပါပဲ။ ဒါပေမယ့် ဒီပွဲမှာ အစားအသောက် ရောင်းချခွင့် မရှိတာကြောင့် လာရောက်ဆင်နွှဲသူတွေအနေနဲ့ အခက်အခဲဖြစ်ရပါတယ်။ နောက်တစ်ခုက ဗီနိုင်းနဲ့ ကြော်ငြာဆိုင်းဘုတ်တွေ၊ သတင်းစာတွေမှာ ကြော်ငြာတွေပါပေမယ့် လူတိုင်းသတိမထားမိကြပါဘူး။ ရပ်ရွာတွေမှာ လှည့်ပြီးတော့ အသံချဲ့စက်နဲ့ကြော်ငြာပေးနိုင်မယ်ဆိုရင် ဒီထက် ပြည်သူလူထု ပိုစိတ်ဝင်စားပြီး အောင်မြင်မယ်လို့ ထင်ပါတယ်။


**ဦးအောင်ကြီး(စစ်ကိုင်းတိုင်း ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ)**

အခြားမြို့တွေမှာ ကလေးစာပေပွဲတော်တွေ ကျင်းပတဲ့ သတင်းတွေ ကြားသိရတော့ ကျွန်တော်တို့ စစ်ကိုင်းမြို့မှာလည်း ကလေးစာပေပွဲတော်ကျင်းပဖို့ ဆန္ဒဖြစ်မိပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး မတည်ငွေထည့်ဝင်ခဲ့ပါတယ်။ ပွဲတော်ကို လာရောက်ဆင်နွှဲကြတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များ အသင်းက အချိုရည်၊ ရေသန့်နဲ့ မုန့်တွေကို အာဟာရဒါနအနေနဲ့ ပေးဝေခဲ့ပါတယ်။ အခု ပွဲတော်ကာလအတွင်းမှာ ကျောင်းသား ကျောင်းသူတွေ ပျော်ပျော်ရွှင်ရွှင် လာရောက်ဆင်နွှဲတာတွေ့ရလို့ ပျော်ရွှင်ကြည်နူးမိပါတယ်။ ပွဲတော်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြတဲ့သူတွေ၊ လာရောက်ဆင်နွှဲကြတဲ့ ကျောင်းသား ကျောင်းသူတွေ၊ ပါဝင်ပြသပေးခဲ့တဲ့ပြခန်းတွေနဲ့ လာရောက်ဖွင့်လှစ်ရောင်းချပေးတဲ့ စာအုပ်အရောင်းဆိုင်တွေကို အထူးကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ နောင်မှာလည်း အခုလိုပွဲမျိုးတွေအတွက် တတ်နိုင်သလောက် ထည့်ဝင်ကူညီသွားပါမယ်။ **အေးမြ(မန္တလေး)**

**ဓာတ်ပုံ-အောင်ဖြိုးကျော်**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၂) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေ ဖြန့်ချိလျက်ရှိရာ အတွဲ(၁၆)၊ အမှတ်(၂)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။


ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ထွက်ရှိမည့် ဒို့ကျေးရွာ ဂျာနယ်တွင်

၁၅-၁-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၂)တွင် သီးနှံအရည်အသွေး ကျဆင်းစေသောအချက်များ ဖယ်ရှားရန် နည်းလမ်းများ၊ စိုက်ပျိုးရေး ရှေ့ခြေတစ်လှမ်းသာနိုင်ရေး၊ ရိုးပြတ်ကို မီးမရှို့နဲ့ အာဟာရဓာတ်တွေ ဆုံးရှုံးတယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် မြေယာပိုင်ဆိုင်သူ တောင်သူများနည်းတူ မြေယာမဲ့များ၏ ဘဝများပါတိုးတက်မှ ပြီးပြည့်စုံမည် စသည့် စိုက်ပျိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒေသခံရေလုပ်သားများ စီးပွားရေးအဆင်ပြေစေမည့် ခရု(သွေးဂုံး) မွေးမြူခြင်း၊ ဝက်ဝမ်းကျရောဂါ ကြိုတင်ကာကွယ်ပါ၊ ကြောင်မှုဖြစ်တတ်သော ကူးစက်ရောဂါများစသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်၊ ပဥ္စလက်ပိုးစာပင် ပုံပြင်၊ ကျောင်းကပေးသည့်ပညာ ဘာလဲ ဘယ်လဲ၊ ကောင်းနိုးရာရာ အတုယူပါ စသည့် သုတရသ ဆောင်းပါးများ၊ လူနှင့် ကပ်ပါးသန်ကောင်အန္တရာယ်၊ ဦးခေါင်းခွံအတွင်း၌ သွေးခဲခြင်း၊ မျက်စိရောဂါနှင့် အစွမ်းထက်သော နံ့သာဖြူသနပ်ခါး စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ပင်လယ်ငါးဖမ်း လုပ်သားများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး၊ ပဲကြီးစိမ်း ပေါ်ဦးပေါ် ဖျား စျေးကောင်းစျေးမြင့် ပဲဟောင်းလက်ကျန်နည်းပါးသည့်အပြင် စျေးမြင့်နေ၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိနိုင်သည့် CVT Myanmar သင်တန်းကျောင်းဝင်ခွင့်လျှောက်ထားနိုင်၊ နေရောင်ခြည်စွမ်းအင်သုံး ရေအစက်ချစိုက်ပျိုးနည်းစနစ် အိန္ဒိယစမ်းသပ် စသည်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာ ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

## ရခိုင့်ဦးဆောင်ပါတီ[Arakan Front Party(AFP)]အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**ကြေညာချက်အမှတ်(၁/၂၀၁၉)**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

**ရခိုင့်ဦးဆောင်ပါတီ[Arakan Front Party(AFP)] အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်း၊ ရဘ-၁ တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ရခိုင့်ဦးဆောင်ပါတီ**[Arakan Front Party(AFP)]အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင့်ဦးဆောင်ပါတီ**[Arakan Front Party (AFP)] ၏ မှတ်ပုံတင်အမှတ်မှာ (၁၁၁)ဖြစ်ပါသည်။

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဦးဘသင်းလမ်း၊ အမှတ်(၃)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ (MPD)**သည် ယင်းပါတီ၏အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ(MPD)၏ အလံပုံစံ**



**မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ(MPD)၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

»» စာမျက်နှာ ၉ မှ
ဘိန်းစာမှုန့်(၂၀)ဂရမ်၊ စိတ်ကြွဆေးပြား(၂၈၃၄၂၁)ပြား၊ ဆေးခြောက်(၃၈၉. ၄၉)ဂရမ်၊ ဘိန်းဆီခဲ(၆၅၀)ဂရမ်၊ Ethyl Ether (၈၉၆၀)လီတာ၊ Methanol (၂၀၈၀)လီတာ၊ Ketamine(၂)ဂရမ်၊ Buprenorphine Tablet (၅၀)ပြား၊ တူမီးသေနတ်(၂)လက်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# အခြေခံရိုက်ကူးထုတ်လုပ်မှုသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၄**

မိမိတို့ နေ့စဉ်အသုံးပြုနေသည့် စမတ်ဖုန်းကို အသုံးပြု၍ အကျိုးရှိသည့် ဖျော်ဖြေတင်ဆက်မှုများကို အလွယ်တကူ တည်းဖြတ်ရိုက်ကူးတတ်စေရန်အတွက် ရည်ရွယ်၍ အခြေခံရိုက်ကူးထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကိုရီးယားနိုင်ငံမှ သင်တန်းလာရောက်ပို့ချသူ (Former MWTV Chief Director) ဦးအောင်တင်ထွန်းက ပြောကြားသည်။



**ညွှန်ကြားရေးမှူး ဦးသိန်းနိုင်**

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည့် Smart Phone Director ခေါင်းစဉ်ဖြင့် အခြေခံရိုက်ကူးထုတ်လုပ်မှု သင်တန်းဖွင့်ပွဲတွင် ၎င်းက ထိုသို့ပြောကြားခြင်း ဖြစ်သည်။

"ကိုယ့်လက်ထဲက စမတ်ဖုန်းကို အသုံးချတတ်ရင် အသုံးချတတ်သလို အကျိုးရှိအောင် ဖန်တီးနိုင်ခြင်းဖြင့် ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ ကိုယ့်ဒေသသတင်းတွေကို ကိုယ်တိုင်ထုတ်လုပ်နိုင်လိမ့်မယ်။ ရုပ်ရှင်နဲ့ဓာတ်ပုံ ဘယ်လိုကွာခြားတယ်ဆိုတာ သိလာမယ်။ အဲဒီကနေ ကင်မရာအသုံးပြုခြင်း၊ ရိုက်ကူးရေးအစီအစဉ်ရေးဆွဲခြင်း၊ တည်းဖြတ်ခြင်းတို့အပြင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့တွေ ရရှိစေမှာ ဖြစ်ပါတယ်။ Documentary အထိ ရိုက်ကူးနိုင်လာဖို့လည်း ရည်ရွယ်ဖွင့်လှစ်တာပါ" ဟု ဦးအောင်တင်ထွန်းက ဆက်ပြောသည်။

အဆိုပါ အခြေခံရိုက်ကူးထုတ်လုပ်မှုသင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့နှင့် ကိုရီးယားနိုင်ငံ For Basic Media Education (Editing) တို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၄ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဦးဆောင်ကော်မတီ အဖွဲ့ဝင်ဖြစ်သူ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်ကလည်း "ကိုယ့်ရဲ့ ရိုက်ကူးတင်ဆက်မှုက တစ်ဖက်သားကို အဆိပ်အတောက် မဖြစ်စေဖို့ အရေးကြီးတယ်။ စည်းမကျော်အောင် စောင့်ထိန်းရမယ့် အခြေခံကျင့်ဝတ်တွေကိုလည်း သိစေချင်တယ်။ ကောင်းမွန်ဆန်းသစ်တဲ့ အတွေးအခေါ်တွေ ရရှိစေဖို့ရည်ရွယ်ပါတယ်။ ဆက်လက်ဖွင့်လှစ်နိုင်ဖို့လည်း အစီအစဉ်တွေရှိပါတယ်" ဟု ပြောသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က "တစ်နိုင်ငံလုံးမှာ ဒီအခြေခံတွေကိုပဲ အားလုံးကို သင်ကြားပေးနေတာလို့ သိရတယ်။ လူငယ်အရွယ်ကနေ အသက် ၅၀၊ ၆၀ အရွယ်အထိ သင်ကြားပေးနေတာဖြစ်တဲ့အတွက် ဒီမှာလည်း လာရောက်သင်ကြားပေးဖို့ ကျွန်တော်က အကူအညီတောင်းပါတယ်။ သူတို့ကလည်း အခမဲ့ လာရောက် သင်ကြားပေးပါတယ်။ ဒီသင်တန်းနဲ့ပတ်သက်ပြီး ကလေးတွေရဲ့ ယုံကြည်မှုအပေါ်၊ အားသန်မှုအပေါ်မူတည်ပြီးတော့ သူတို့စိတ်ဝင်စားတဲ့ ဘာသာရပ်တွေကို သင်ကြားပေးဖို့ သင်ကြားပေးသူတွေနဲ့လည်း ညှိနှိုင်းထားရှိပါတယ်။ ရုပ်ရှင်ဖွံ့ဖြိုးရေးအတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အပံ့တစ်ခုအဖြစ် ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားသည်။



သင်တန်းကို ကိုရီးယားနိုင်ငံ (Former MWTV Chief Director) ဦးအောင်တင်ထွန်းနှင့် Mr. Jun Mir (Former MWTV News PD & Media Education Team) တို့က ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်များ၊ ပြင်ပမှစိတ်ဝင်စားသူများ စုစုပေါင်း သင်တန်းသား ၂၁ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း -မြတ်စန္ဒီ**
**ဓာတ်ပုံ-မွန်းဦးနဒီ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ယနေ့နေရာကွက်ကျားမိုးရွာနိုင်သည်။ **မိုး/ဇလ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် ယနေ့တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### ရန်ပုံငွေဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားမြှင့်တင်ရေးပွဲတော် ရန်ပုံငွေဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်တွင် ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဗီယက်နမ်နှင့် စီးပွားရေးချိတ်ဆက်မည်

မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းက ကြီးမှူး၍ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးချိတ်ဆက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်တွင် မင်းရဲကျော်စွာလမ်း ဗဟိုအမျိုးသမီးဆေးရုံအနီး ဂရင်းယူနိုက်တက်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ရာ ငါးလုပ်ငန်း၊ စားသောက်ကုန်ဖြန့်ချိရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့မှ လုပ်ငန်းရှင်များအား စီးပွားရေးချိတ်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

### ရန်ကုန်အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲ ကျင်းပမည်

ပထမအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ပြုလုပ်သွားမည်ဖြစ်ရာ ကမ္ဘာကျော်ကားအမှတ်တံဆိပ်များ ပါဝင်ခင်းကျင်းပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### စင်ကာပူလေကြောင်းပြပွဲ ကျင်းပမည်

စင်ကာပူလေကြောင်းလိုင်း ခရီးသွားပြပွဲကို ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဂျန်းရှင်းစီးတီး၌ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ့လက်ရွေးစင်များ တွေ့ဆုံပွဲ ကျင်းပမည်

မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း၏ စတုတ္ထအကြိမ်မြောက် စုံညီတွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### YRTA နှစ်ပတ်လည် ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) နှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်တွင် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ စကိုင်းစတားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်စိုး**

### တောင်သမန်အင်းပတ်ဝန်းကျင်တွင် အလှပြလေထီးပျံသန်းမှုများ ပြုလုပ်မည်

ထိုင်းနိုင်ငံအခြေစိုက် ASEAN Paramotoring Club နှင့် မြန်မာနိုင်ငံ လေထီးခုန်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ တောင်သမန်အင်းပတ်ဝန်းကျင်တွင် ချစ်ကြည်ရေးစုပေါင်းအလှပြ လေထီးပျံသန်းမှုများကို ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီတွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလေထီးခုန်အဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်စိုးအောင်(ခ) ကိုဖိုးလုံးက ပြောသည်။

အဆိုပါ ပျံသန်းမှုအစီအစဉ်တွင် ASEAN Paramotoring Club မှ အဖွဲ့ဝင်လေးဦးနှင့် မြန်မာနိုင်ငံလေထီးခုန်အဖွဲ့ချုပ်မှ အဖွဲ့ဝင်ခုနစ်ဦးတို့ ပူးပေါင်းကာ ဦးပိန်တံတားမှ စတင်၍ တောင်သမန်အင်းပတ်ဝန်းကျင်နှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ပျံသန်းကာ ရှမ်းလေးကျွန်းရွာတွင် ဆင်းသက်ပြီး အဆိုပါကျေးရွာရှိ စာသင်ကျောင်းတွင် လေကြောင်းအထောက်အကူပြုပစ္စည်းများနှင့် ပညာရေးနှင့်အားကစားဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းသွားရန် စီစဉ်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

### အောက်စဖို့ဒ်ဆရာတော်၏ တရားပွဲ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပမည်

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဓမ္မကထိက ဗဟုဇနဟိတရေ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ အရှင်ဓမ္မသာမိ က "ကျန်းမာရေးနှင့် အားကစားကဏ္ဍတွင် သတိပဋ္ဌာန်အခြေခံသော စိတ်ခံစားမှု ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၆ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### တိုင်းဒေသကြီးနှင့်ပြည်နယ် သိုင်းပြိုင်ပွဲများ နေပြည်တော်၌ ကျင်းပမည်

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ် သိုင်းပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်ရာ ဝါသနာရှင်ပြည်သူများ လာရောက်အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### မြန်မာဂရပ်ဖစ်ဒီဇိုင်းပြပွဲ မန္တလေးမြို့၌ ကျင်းပမည်

မြန်မာနိုင်ငံ ဂရပ်ဖစ်ဒီဇိုင်းအသင်းမှ ကြီးမှူးကျင်းပသည့် "Design-Speak Safety" ၂၀၁၉ ခုနှစ် မြန်မာဂရပ်ဖစ်ဒီဇိုင်းပြပွဲ(မန္တလေး)ကို ဖေဖော်ဝါရီ (၂၊ ၃၊ ၄)ရက်များတွင် မန္တလေးမြို့ ၈၃ လမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ မျိုးသုဉ်းလုနီးပါး သတ္တဝါမျိုးစိတ်များ၊ တောပြုန်းလုနီးပါး သဘာဝပတ်ဝန်းကျင်၊ ကုန်ဆုံးလုနီးပါး သယံဇာတများနှင့် လူသားဘဝလုံခြုံမှု စသည့်ကဏ္ဍများအတွက် အထက်မြန်မာပြည်တစ်ဝန်းရှိ ဂရပ်ဖစ်ဒီဇိုင်းပညာရှင်များ၏ ဒီဇိုင်းလက်ရာများကို ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

### (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော (၁၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)တွင် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက အမှတ်တရလက်ဆောင်များပံ့ပိုးဂုဏ်ပြုသွားမည်ဖြစ်သည်။

သွေးလှူဒါန်းမည့်သူများအနေဖြင့် **ဖုန်း ၀၉-၄၄၉၂၅၃၇၆၇၊ ၀၉-၇၉၅၅၆၃၄၀၀** တို့သို့ ဇန်နဝါရီ ၂၆ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

### ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ ကျင်းပမည့် ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၆၀၊ ၇၀၊ ၈၀နှင့် ၈၀ ကီလိုတန်းအထက် ကာယဗလပြိုင်ပွဲများ၊ အသက် ၄၅ နှစ်အထက် သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသား Athletic Physique၊ Sports Physique၊ Fitness Physique ပြိုင်ပွဲများ၊ အမျိုးသမီးကာယကြံ့ခိုင်ပြိုင်ပွဲတွင် Athletic Physique၊ Model Physique၊ Fitness Physique ပြိုင်ပွဲများ၊ အမျိုးသား+အမျိုးသမီး Mixed Pairs ပြိုင်ပွဲများကို ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ပြိုင်ပွဲသို့ ၂၀၁၈ ခုနှစ် အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့ကာယဗလပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများမှအပ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဇန်နဝါရီ ၁၇ ရက် နောက်ဆုံးထား၍ မင်္ဂလာတောင်ညွန့်မြို့နယ် အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဗလစိုး**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆၃ စီး၊ သွင်းကုန်အစီး ၇၁၀၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅ စီး၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၅ သန်း) တန်ဖိုးရှိ အဝတ်အထည် ၁၃ ထုပ်၊ ပိုက်ဆံအိတ်တစ်ထုပ်၊ ဖိနပ်အိတ်သုံးအိတ် နှင့် Break Shoes ၁၆ ထုပ်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်၊ မြစ်ကြီးနားနှင့် မြစ်သားမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာ သချိုင်းအနီးလမ်းမတွင် မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ မစိုးအား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၈၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မလိဂင်နယ်မြေ မနောမြေတည်းခိုရိပ်သာအနီး လမ်းပေါ်တွင် တွေ့ရှိသူ မဂျာကိုင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၄ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းတည်းခိုသည့် မနောမြေတည်းခိုရိပ်သာ အခန်းအမှတ်(၂၀၃)အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၅ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၅ နာရီ မိနစ် ၂၀ က မြစ်သားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်သားမြို့ ရွှေသူဌေးရပ်ကွက် မာယလမ်းနေ ညိုညိုလွင်(ခ)မိညို၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့တွင် စိတ်ကြွဆေးပြား ၃၃၀၀ ကျော်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ဘားအံ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် မူးယစ်ဆေးဝါးသတင်းအရ ဖမ်းဆီးရာမှ အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ထံမှ WY စိတ်ကြွဆေးပြား ၃၃၉၃ ပြားနှင့် မြန်မာငွေရောရာ နှစ်သိန်းတစ်သောင်းကျပ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၃၁)ဘားအံမှ ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ နိုင်လင်းဦး(ခ)ငယ်ငယ် မောင်းနှင်လာသော ဆိုင်ကယ်အား စစ်ဆေးရာ WY စိတ်ကြွဆေးပြား ၄၀ နှင့်ဆင်းကတ်ပါ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၃ နာရီခွဲက ဘားအံမြို့ အမှတ်(၆)ရပ်ကွက် နှင်းဆီလမ်းနှင့် နန်းလုံကြိုင် လမ်းထောင့်နေ နေကျော်ထွန်းဦးနှင့် နန်းသိမ်းရှင်တို့ထံမှ WY စိတ်ကြွဆေးပြား ၂၃ ပြား၊ ဖုန်းနှစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေပိုင်းတွင် ကျော်ကျော်နှင့် ဝေဝေစိုးတို့ထံမှ WY စိတ်ကြွဆေးပြား ၃၃၃၀၊ ဖုန်းတစ်လုံးနှင့် မြန်မာငွေရောရာ ငွေကျပ် ၂၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ထိန်လင်း(ခ)ဦးချင်းကို ရှာဖွေဖမ်းဆီးရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း မူးယစ်ဆေးဝါးရောင်းဝယ်စဉ်က ချိတ်ဆက်ပြောဆိုခဲ့သည့် ဖုန်းတစ်လုံးကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့ခြောက်ဦးကို ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးသယ်ဆောင်သူတစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းမိ

**တာချီလိတ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်းမတွင် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဦးစိုင်းဆာအေး မောင်းနှင်လာသော ဆိုင်ကယ်အား စစ်ဆေးခဲ့ရာ နီညိုရောင်စိတ်ကြွဆေးမှုန့် ၃၀၀ ဂရမ်ခန့်၊ အညိုရောင် ဘိန်းညိုဘလောက်တုံး ၁၂၀ ဂရမ်ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ၎င်းနေထိုင်သော ရန်အောင်မြေရပ်ကွက် ပါလျံ(၂)အိမ်သို့ သွားရောက်ရှာဖွေခဲ့ရာ နီညိုရောင်စိတ်ကြွဆေးမှုန့် ၁၀၀ ဂရမ်ခန့်၊ အညိုရောင် ဘိန်းညိုဘလောက်တုံး ၁၂၀ ဂရမ်ခန့်ကို ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းဆာအေးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(မြန်/ဆက်)**

# အရှိန်မထိန်းနိုင်သောယာဉ်က ဆိုင်ကယ်အား ဝင်တိုက် ဆိုင်ကယ်မောင်းသူ သေဆုံး

**သထုံ ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် သထုံမြို့နယ် ကင်ပွန်းခြံကျေးရွာ ရန်ကုန်-မော်လမြိုင်အဝေးပြေးကားလမ်းမပေါ်တွင် ယနေ့နံနက်အစောပိုင်းက ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားကြောင်း သိရသည်။

သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်း မိုင်တိုင်အမှတ် ၁၃၆/၁ နှင့် ၁၃၆/၂ အကြားတွင် သထုံမြို့မှ ဘီးလင်းမြို့သို့ စောအယ်ထူး မြစ်လောင်းရွာ အမရပူရမြို့နယ်နေသူ မောင်းနှင်လာသော Hino Truck အမျိုးအစား ၁၂ ဘီးယာဉ်သည် မျက်နှာချင်းဆိုင်ဘက်မှ (အမည်မသိ) မောင်းနှင်လာသည့် ဆိုင်ကယ်၏ ယာဉ်ကြောဘက်သို့ အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်မောင်း စောအယ်ထူးအား သိမ်ဆိပ်နယ်မြေရဲစခန်းက အရေးယူစစ်ဆေးနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် သတင်းလှုံ့ဆော်ပြန်ကြားရေးပြခန်း ဖွင့်လှစ်ပြသ

**လွိုင်ကော် ဇန်နဝါရီ ၁၄**
(၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ကယားပြည်နယ် လူထုဗဟိုပြုစီမံကိန်း သတင်းလှုံ့ဆော်ပြန်ကြားရေးပြခန်းကို ဇန်နဝါရီ ၁၀ ရက်မှ ၁၈ ရက်အထိ လွိုင်ကော်မြို့ ပွဲတော်ကျင်းပသည့်ကွင်းအတွင်း၌ ပြခန်းဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါပြခန်းတွင် လူထုဗဟိုပြုစီမံကိန်းမှ ဆောင်ရွက်ပြီးစီးခဲ့သော အဆောက်အအုံပုံစံငယ်များ၊ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိသော မှတ်တမ်းဓာတ်ပုံများ ပြသထားပြီး ကယားပြည်နယ်အတွင်းမှ လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စီမံကိန်းနှင့်ပတ်သက်သည့် မေးခွန်းများကို မေးမြန်းပြီး ဖြေဆိုနိုင်သူများအား စီမံကိန်းတံဆိပ်ပါ မိုးကာအင်္ကျီ၊ ကျောပိုးအိတ်၊ တီရှပ်၊ ဦးထုပ်များကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

သတင်းလှုံ့ဆော်ပြန်ကြားရေးပြခန်း ဖွင့်လှစ်ပြသထားမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ရာ ပြည်နယ်ကျေးလက်ဦးစီးမှူး ဦးကျော်သူအောင်က လိုက်လံရှင်းလင်း ပြသခဲ့သည်။

ယင်းပြခန်းကို ကယားပြည်နယ် လူထုဗဟိုပြုစီမံကိန်းမှ ဆောင်ရွက်နေသော သတင်းအချက်အလက်များအား ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ (၆၇) နှစ်မြောက် ကယားပြည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် ဖွင့်လှစ်ပြသခြင်းဖြစ်ကြောင်း လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးနန်းထိုက်ရွှေထံမှ သိရသည်။ **ဝတ်ရည်(မယ်စဲ့)**





# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှမိုးအောင် မြောင်းမြမြို့၌ သိမ်ဆင်းလောင်းလှူ

**မြောင်းမြ ဇန်နဝါရီ ၁၄**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ဗုဒ္ဓဝါဒီ ဦးသူတော်အဖွဲ့ ၅၂၈ ပါး၊ ရှင်အဖြစ် ရဟန်းအဖြစ် သာသနာပြုပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် သိမ်ဆင်းလောင်းလှူပွဲတက်ရောက်ပြီး ဆရာတော် သံဃာတော်များနှင့် ဒုလ္လဘရဟန်းတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ လယ်/ဆည်ဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့နှင့်အတူ မြောင်းမြမြို့ စွမ်းအားပရိယတ္တိတောရကျောင်း၌ ကျင်းပသော ဗုဒ္ဓဝါဒီ ဦးသူတော်အဖွဲ့ ၅၂၈ ပါး ရှင်အဖြစ် ရဟန်းအဖြစ် သာသနာပြု သိမ်ဆင်းလောင်းလှူပွဲတွင် ပင့်သံဃာ ၁၀၀ ကျော်အပါအဝင် စုစုပေါင်း ၇၀၀ ခန့်တို့အား စေတနာရှင် အလှူရှင်များနှင့်အတူ သိမ်ဆင်းလောင်းလှူခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သံဃနာယက ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ဗုဒ္ဓဝါဒီ အယူဝါဒရှိ ဦးသူတော်ဂိုဏ်းမျိုးနွယ်စုဝင် ၅၂၈ ဦးတို့ ထေရဝါဒ ဗုဒ္ဓ၏အဆုံးအမကို ခံယူကာ ရဟန်းအဖြစ် ခံယူပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက်က မြောင်းမြမြို့အတွင်း ရှင်လောင်းလှည့်လည်ပွဲ ပြုလုပ်ခဲ့သည်။ **အောင်မင်း (မြောင်းမြ)**



# ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မှခ်ဦးဖွင့်ပွဲ ကျင်းပ



**လေရှီး ဇန်နဝါရီ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ကျင်းပသည့် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မှခ်ဦးဖွင့်ပွဲနှင့် တံခွန်တိုင်၊ ဆုတောင်းတိုင်များ စိုက်ထူပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက လေရှီးမြို့ အမှုထမ်းရပ်ကွက် မြို့နယ်အားကစားကွင်းအတွင်း ကျင်းပသည်။

ကွင်းအဝင်မှခ်ဦးအား အနောက်မြောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ နာဂဗဟိုယဉ်ကျေးမှုကော်မတီ နာယက ဦးရှူစံကြူး၊ မြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် နာဂရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ၂၀၁၉ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် တံခွန်တိုင်အားကစားကွင်းအတွင်း လက်ယာရစ်တစ်ပတ်ပတ်ပြီး တံခွန်တိုက်အား စိုက်ထူခြင်း၊ ရိုးရာပန်အဆောက်အအုံရှေ့တွင် မျိုးနွယ်စုအလိုက် ဆုတောင်းတိုင်များ စိုက်ထူကြကာ ရိုးရာပန်တုံးအား တီးခတ်ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နာဂမျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက အလှည့်ကျဖျော်ဖြေခဲ့ကြရာ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ၊ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များမှ နာဂလူမျိုးများ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ကချင်ပြည်နယ်တွင် ကျောက်စိမ်းစေတီ (လွှမ်းစေတီ) ပန္နက်တင်ပွဲကျင်းပ

**မိုးညှင်း ဇန်နဝါရီ ၁၄**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-လွယ်ခမ်းတောင်တွင် ကျောက်စိမ်းစေတီ(လွှမ်းစေတီ) ပန္နက်တော်တင်မင်္ဂလာပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီက မော်ဟန်ရွာလွယ်ခမ်းတောင်တောရကျောင်းမြေနေရာ၌ ပြုလုပ်သည်။

မိုးညှင်းမြို့ ကန်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညောဘာသ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိကြီးများ၊ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဒုရဲမှူးကြီး အောင်ဇော်၊ မိုးညှင်းမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် စေတီဖြစ်မြောက်ရေးဂေါပကအဖွဲ့တို့က ပန္နက်တင်မင်္ဂလာ ပြုလုပ်ခဲ့ကြသည်။

အဆိုပါကျောက်စိမ်းစေတီမှာ ဉာဏ်တော်အမြင့် ၈၁ ပေ၊ ပစ္စယံပန်းတင်ခုံအလျား ၁၀၄ ပေ၊ အမြင့် ၁၂ ပေ၊ ရင်ပြင်အကျယ်စတုရန်း ပေ ၁၅၀ ရှိမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**



ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စုတွင် ပန်းလှိုင်မြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီက နေအိမ်ငါးလုံး ပြောင်းရွှေ့ကြရစဉ်။ **ဝဏ္ဏနိုင်(ညောင်တုန်း)**

## ဆွာချောင်းပိတ် ရေတင်စနစ်ဖြင့် နွေစပါး ဧက ၉၀၀ ကျော်စိုက်ပျိုး

**ရေတာရှည် ဇန်နဝါရီ ၁၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတမံမှ ယခုနှစ်နွေစပါးရာသီတွင် ဧက ၅၀၀၀ စိုက်ပျိုးနိုင်ရန်လျာထားခဲ့ပြီး ဧကပေါင်း ၅၅၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အတူ ဆွာဆည်တမံအောက်ဘက် ဆွာချောင်းမြောက်ဘက်ခြမ်းရှိ အလယ်မြောင်ကျေးရွာနှင့် စီပင်အေးကျေးရွာအကြားရှိ ကွင်းအမှတ်(၆၁၉) နှင့် စီပင်အေးရွာနှင့် ဆီဆုံကုန်းကျေးရွာအကြားရှိ ကွင်းအမှတ် ၆၂၁(ဂ) တို့အား ချောင်းပိတ်စနစ် ရေတင်စနစ်ဖြင့်လည်းကောင်း၊ ကြာအင်းကျေးရွာတွင် ရေတင်စနစ်ဖြင့်လည်းကောင်း နွေစပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေလျက်ရှိရာ စုစုပေါင်း ဧက ၉၀၀ ကျော် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ကျောက်တန်းမြို့၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**
ကျောက်တန်းမြို့ မြို့မ(အလက)ကျောင်း ရွှေသံလွင်ခန်းမတွင် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက ပညာရေးပြုပြင်ပြောင်းလဲမှုမှ နိုင်ငံတော်သစ်ဆီသို့ ပြည်သူ့စကားဝိုင်း အခမ်းအနား ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက (Monitor) အဖြစ် ဆောင်ရွက်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးလှသိန်းက ပညာရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများကို CSO မရတနာဇော် (ရန်ကုန်မြို့) က ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**



# ပုဂံဒေသခရီးသွားဘုရားဖူးများ ထန်းမျှော်စင်များ စိတ်ဝင်စားမှုမြင့်တက်လာ

**ပုဂံ ဇန်နဝါရီ ၁၄**

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာရောက်သည့် ပြည်တွင်းခရီးသွားများကို စိတ်ဝင်စားမှုမြင့်တက်စေသည့် ကျောက်ပန်းတောင်း၊ ညောင်ဦးလမ်းဘေးရှိ ထန်းတောများတွင် တည်ဆောက်ထားသည့် ထန်းမျှော်စင်(လင့်စင်)များကို ပြည်တွင်းခရီးသွားများရော ပြည်ပခရီးသွားများပါ စိတ်ဝင်စားမှုမြင့်တက်လာနေကြောင်း သိရသည်။

ကျောက်ပန်းတောင်း-ပုဂံ-ညောင်ဦးလမ်းဘေးရှိ ဆိုင်များမှာ တစ်ချိန်က တဲအသေးစားလေးများဖြင့် ရောင်းချလာခဲ့ရာမှ ထန်းတဲများ တဖြည်းဖြည်း အကြီးဆောက်လာခြင်း၊ ဖြက်အကျယ်ထန်းရွက်မိုးများဖြင့် နားနေနိုင်ရန်ဆောက်လုပ်လာခြင်း၊ ယာခင်းစပ် ထန်းတောတန်းများပေါ် ထန်းမျှော်စင်(လင့်စင်)ဆောက်လုပ်ကာ ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားလာစေရန် ဆောက်လုပ်လာခဲ့ကြောင်း ဦးဗညားက ပြောသည်။

အညာဒေသ၏ ရိုးရာအငွေ့အသက်များကို ပုဂံဒေသသို့ ဘုရားဖူးလာရောက်ကြသူများအား လက်တွေ့ပြသခြင်းများဖြစ်သည့် ထန်းတက်ပြသခြင်း၊ အညာဒေသ၏ ဆီဆုံအား နွားဖြင့် ဆီဆုံလှည့်လည် ဆီကြိတ်ပုံ၊ ထန်းလျက်ချက်လုပ်ပုံနှင့် ထန်းခေါက်ဖာ ပြုလုပ်ပုံ၊ ထန်းလက်ကုလားထိုင်ပြုလုပ်ပုံ၊ ထန်းလျက်ဖြင့် ချွေးပေါင်းခံ အရက်ဦးရည်ထုတ်လုပ်ပြီး ရရှိလာသည့် ဦးရည်အား တောရှောက်မြစ်နှင့် တိုင်းရင်းဆေး ပြုလုပ်ပုံများ လက်တွေ့ကြည့်ရှုနိုင်ပြီး ထန်းတဲများတွင် ရောင်းချနေသည့် ဆီးထန်းလျက်၊ အုန်းထန်းလျက်၊ နှမ်းထန်းလျက်၊ မြေပဲထန်းလျက်၊ ချင်းထန်းလျက်နှင့် ရိုးရိုးထန်းလျက်များ ရောင်းချခြင်း၊ ကိုယ်ပိုင်သစ်သားဆီဆုံဖြင့် ကြိတ်သည့် နှမ်းဆီ၊ ပဲဆီစစ်စစ်များ ရောင်းချခြင်းများရှိပြီး ထန်းခေါက်ဖာနှင့် ပျားရည်စစ်စစ်များ ရောင်းချခြင်းများက ပုဂံ-ညောင်ဦးဒေသဘုရားဖူးလာသူများကို ဖိတ်ခေါ်နေသည့်အလား လာရောက်သူများပြားလာနေခြင်းဖြစ်ကြောင်း သိရသည်။

ထန်းလျက်ချက်လုပ်ပုံများကို ပြည်ပနိုင်ငံသားများ အလွန်စိတ်ဝင်စားကြောင်း၊ ထန်းပင်ပေါ်မှ သယ်ယူဆင်းလာသည့် ထန်းရည်ချိုကို လက်တွေ့ မြည်းကြည့်ခြင်း၊ ထန်းရည်ခါး သောက်သုံးကြည့်ခြင်း၊ ထန်းလျက်စားကြည့်ခြင်းနှင့် ပြည်ပနိုင်ငံသားများသည် မနက်ပိုင်း ထန်းတောဘက် လာရောက်လေ့လာကြပြီး နေ့ခင်းပိုင်းတွင် ပုဂံဒေသရှေးဟောင်းယဉ်ကျေးမှုဇုန်အား လေ့လာကြကြောင်း သိရသည်။ **ကိုထိန် (ငါ့သရောက်)**



# စလင်းမြို့နယ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေများ ပေးအပ်

**မကွေး ဇန်နဝါရီ ၁၄**

လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က စလင်းမြို့နယ် သာစည်ကျေးရွာနှင့် ဆိပ်ဖြူမြို့နယ် အောက်ဆိပ်ကျေးရွာတို့၌ ကျင်းပသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန္ဒာနွယ်ဟန်နှင့် တာဝန်ရှိသူများသည် စလင်းမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၅၆၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၆၈၀၀၀၀၀၊ အသက် (၈၅)နှစ်အထက် ဘိုးဘွား ၁၁၃၈ ဦးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၃၄၁၄၀၀၀၀ နှင့် မိခင်ဝိုင်းများ ဖွင့်လှစ်ရန် ထောက်ပံ့ငွေကျပ် ၃၅၂၈၁၀၀၊ စုစုပေါင်းငွေကျပ် ၅၄၄၆၈၁၀၀ ကိုလည်းကောင်း၊ ဆိပ်ဖြူမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၄၉၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၄၈၈၀၀၀၀၊ အသက် (၈၅) နှစ်အထက် ဘိုးဘွား ၃၅၄ ဦးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၁၀၆၂၀၀၀၀၊ မိခင်ဝိုင်းများ ဖွင့်လှစ်ရန် ထောက်ပံ့ငွေကျပ် ၃၅၂၈၁၀၀ နှင့် စိတ်ထားဖြူစင်မေတ္တာလူမှုရေးအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ စုစုပေါင်းငွေကျပ် ၂၉၃၂၈၁၀၀ ကိုလည်းကောင်း၊ စုစုပေါင် မြို့နယ် နှစ်မြို့နယ်တွင် ငွေကျပ် ၈၃၇၉၆၂၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## မုံရွာမြို့အား စံပြမြို့ဖြစ်ရန် အကောင်အထည်ဖော်

**မုံရွာ ဇန်နဝါရီ ၁၄**

မုံရွာမြို့ကို စစ်ကိုင်းတိုင်းဒေသကြီး၏ စံပြမြို့ဖြစ်ရန် ဇန်နဝါရီ ၁ ရက်မှစ၍ အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်ထံမှ သိရသည်။

"မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး၊ မြို့တွင်းလမ်းအားလုံး ကောင်းမွန်ရေး၊ လမ်းမီးစနစ်ကောင်းမွန်ရေး၊ အမှိုက်သိမ်းဆည်းမှု စွန့်ပစ်မှုချေဖျက်မှုစနစ်တွေ ကောင်းမွန်ရေး၊ သန့်ရှင်းတဲ့ သောက်သုံးရေ ပေးဝေရေးစနစ်ဖြစ်ပေါ်ရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ ခေတ်မီစနစ်နဲ့ မြို့အဆင့်မြှင့်တင်ရေး၊ အပန်းဖြေအနားယူစရာနေရာတွေ ဖော်ဆောင်ဖို့နဲ့ မြို့ထဲမှာရှိတဲ့ဈေးကြီးတွေ အပါအဝင် ဈေးတွေကို သန့်ရှင်းသပ်ရပ်စနစ်ကျစေဖို့ စတင်ဆောင်ရွက်နေပါပြီ" ဟု ဦးသစ်ထူးမြင့်က ပြောသည်။

"လောလောဆယ် စီမံချက်ချထားတာက နှစ်နှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အဆင့်မီမြို့တော်ကြီးဖြစ်ဖို့ အားလုံးကြိုးစားနေကြပါတယ်။ အဓိကက လမ်းတွေအားလုံး လျှပ်စစ်မီးလင်းရေးနဲ့ အန္တရာယ်ရှိတဲ့ သစ်ပင်၊ သစ်ကိုင်း ရှင်းလင်းတာတွေကို လျှပ်စစ်ဌာနတာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ရှင်းပြသည်။ **မျိုးဝင်းထွန်း (မုံရွာ)**



ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန် - မော်လမြိုင်ကားလမ်းပေါ်တွင် စည်းကမ်းနှင့် မညီသော ယာဉ်များကို စစ်ဆေးပြီး ယာဉ်စည်းကမ်းပညာပေး ဟောပြောမှုများ ပြုလုပ်ခဲ့ ကြောင်း သိရသည်။
လှိုင်ထွန်းအောင်(သထုံ)

## မန္တလေးမြို့၌ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်း

**မန္တလေး ဇန်နဝါရီ ၁၄**

စခန်းအခြေပြုမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် မန္တလေးပြန်လည် ထူထောင်ရေးစခန်းတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၂၀ ဖြင့် ၃၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ခဲ့ကြသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## ဘားအံ၌ ချစ်ကြည်ရေးဘောလုံးပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ရန်ပုံငွေ ချစ်ကြည်ရေးဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ အောင်သံလွင် အားကစားကွင်း၌ ကျင်းပသည်။

ချစ်ကြည်ရေးဘောလုံးပွဲမစတင်မီ အနုပညာရှင်များဖြစ်သောဖိုးတာ၊ ဇော်ဇော်အောင်၊ ဘီလီလမင်းအေး (Idol)၊ သီဟလူ၊ မိုးအိန်ဂျယ်၊ ဥက္ကာ၊ ဆုမြတ်နိုးဦး၊ ကောင်းမိုးယံ၊ ယွန်း (Idol)၊ ကျော်ကျော်၊ မေပန်းချီ၊ ဒီဖြိုး၊ နန်းခင်ဇေယျာ၊ မိုင်းမိုင်ဆန်း(Idol)၊ ယုန်လေးနှင့် နေဒွေးတို့က တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

ကရင်ပြည်နယ် ဌာနဆိုင်ရာနှင့် လက်ရွေးစင်ဟောင်းများ ညွှန့်ပေါင်းအသင်းနှင့် အနုပညာရှင်များပါဝင်သော KZ. Football Club တို့ ယှဉ်ပြိုင်ကစားကြရာ အနုပညာရှင်များ ပါဝင်သောအသင်းက ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### သရက်မြို့တွင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲကျင်းပ

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့နယ်လုံးဆိုင်ရာ သတ္တဌာနဘုရားကြီး၏ (၁၂၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက မြတ်စွယ်တော်ဂန္ဓကုဋိတိုက် ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲတော်ကို နှစ်စဉ် ပြာသိုလပြည့်နေ့အထိ ရှစ်ရက်ကြာ ကျင်းပပြီး လပြည့်နေ့တွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းလောင်းလှူမည် ဖြစ်ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

### ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တို့မှ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြပြီး ဌာနဆိုင်ရာများ၊ ဘာသာပေါင်းစုံအဖွဲ့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အင်အား ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။
**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

### ကျောက်တန်းမြို့၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

**ရန်ကုန်**

ကျောက်တန်းမြို့ အီလက်ထရွန်နစ်စာကြည့်တိုက်၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၇ နာရီက စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပသည်။

စာရေးဆရာ ဆရာကာတွန်းရွှေမင်းသားက ကာတွန်းပညာသိကောင်းစရာ၊ စာရေးဆရာ ဆရာမှော်ဝန်းကြည်မြတ်က မူရင်းနှင့်မိတ္တူ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဆရာသန်လျင်မောင်မောင်ဦးက စင်ပေါ်က အတွေ့အကြုံများ ခေါင်းစဉ်ဖြင့် စာပေဗဟုသုတများ ဟောပြောခဲ့ကြသည်။ **အောင်ဆွေ(ရွှေတံတား)**

### ပံ့ပိုးချေးငွေနှင့် စုဆောင်းငွေအပေါ်အတိုးထုတ်ပေး

**ဟုမ္မလင်း**

ဟုမ္မလင်းမြို့နယ်အတွင်းရှိ China Exim Bank ပံ့ပိုးချေးငွေရယူထားသော အခြေခံသမဝါယမအသင်းသားများအား (၁၁) ကြိမ်မြောက် ပံ့ပိုးချေးငွေနှင့် စုဆောင်းငွေအပေါ် အတိုးထုတ်ပေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၁ နာရီက ဟုမ္မလင်းမြို့ သမဝါယမဦးစီးဌာန၌ ပြုလုပ်သည်။

မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးအောင်မောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က China Exim Bank ပံ့ပိုးငွေပေးအပ်ခြင်း၊ စုဆောင်းငွေအပေါ် အတိုးထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **လင်းလင်း (ပြန်/ဆက်)**

### မော်ကျွန်းတွင် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**မော်လမြိုင်ကျွန်း**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် မော်လမြိုင်ကျွန်းမြို့ မစ္ဆိမာရုံဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၃ ရက် ည ၇ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဆုရကျောင်းသားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ပြည်သူ ၅၀၀ ကျော် တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

# တောရိပ် တောင်ရိပ် ရေရိပ်ဖြင့်

ဆူးငှက်







မင်းတုန်းမင်းသည် မန္တလေးမြို့တည် နန်းတည်ဖို့ ကြံဆောင်တော်မူလေသောအခါ အနောက်ဘက်တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် တောင်သမန်နှင့် ဇောင်းကလောကန်၊ မြောက်ဘက်တွင် နန္ဒာကန်တို့ တည်ရှိပြီး အရှေ့ဘက် ရှမ်းရိုးမတောင်ကို နောက်ခံပြုပြီး တောင်မြောက် အလျား ခုနစ်မိုင်၊ အရှေ့အနောက် အနံ သုံးမိုင်ခန့် ကျယ်ဝန်းသော အောင်ပင်လယ်ကန်ကြီး တည်ရှိနေသည့် မန္တလေးခေါ် မန္တလေးတောင်ခြေရင်းက စည်မျက်နှာကဲ့သို့ ပြန့်ပြူးသောလွင်ပြင်နေရာကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

## မြတ်စွာဘုရားဗျာဒိတ်ထားခဲ့သည်ဟု

တကယ်တော့ မန္တလေးနှင့် မန္တလေးတောင်သည် မြတ်စွာဘုရား ဗျာဒိတ်ထားခဲ့သည်ဟုဆိုသည်နှင့် အညီ တင့်တယ်လိုက်ဖက်လွန်းလှသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းမှသည် ရိုးမတောင်ခြေအထိ ပြန့်ပြူး ညီညာလှသော မြေပြင်ဝယ် မန္တလေးတောင်တော်သည် ထီးတည်းတည်ကာ မြေမှ စုန့်စုန့်တက်၏။ ထိုအခါ လှပ ကျယ်ပြောလှသောမြေပြင်အား ရှုမြင်ခံစားနိုင်ရန် မျှော်စင်ပမာတည်ရှိပြန်သည်။ ပင်လယ်ရေမျက်နှာပြင် အထက် ၇၇၆ ပေ၊ တောင်ခြေမြေပြင် အထက် ပေ ၅၀၀ မြင့်သော မန္တလေးတောင်ကို တောင်ကိုးလုံးပတ်ဝန်းရံသည်ဟု ရေးစာဆို၏။

တောင်ထိပ်ဆီမှ အရှေ့ဆီမျှော်ပြန်မူ ပြာရင့်မှိုင်းရိုးမက မြင်ကွင်းကို တားဆီးကန့်သတ်အုံ့ငြား၊ ထူးထူးအံ့ဖွယ်ပုံသဏ္ဌာန်များဖြင့် ဗျိုင်းရယ်တောင်၊ ရေတံခွန်တောင်၊ ကျွဲနဖားတောင်တို့ကရင်သပ်ရှုမောစေ၏။ အနောက်ဆီမျှော်ပြန်မူ မင်းဝံတောင်ရိုးသည် တငြိမ့်ငြိမ့်စီးဆင်းသော ခြေရင်းက ဧရာဝတီကို မမှိတ်မသုန် ရေကသိုဏ်းရှုနေပြန်သည်။ တောင်ဆီမှာမူ ဟိုမှုန်ပျပျ အဝေး ရေရိပ်က တောင်သမန်ရွှေအင်းဖြစ်၏။ သည်မှာဘက်မူ မုနိဖောင်တော်ဆိုက်ကပ်ရာ တက်သေးအင်းဖြစ်သည်။ မြောက်ဆီမှာမူ မင်းရှင်စောလက်ထက်ကတည်းက ဆယ်ထားခဲ့သော နန္ဒာကန်တော်ကြီး တပြန့်တပြောနောက်ခံခပ်လှမ်းလှမ်းတွင် သခင်မတောင်တော်သည် တောင်စွယ်တောင်တန်းအစွန်းမှ ပြေလျှောနိမ့်ဆင်းလာ၏။ မလှမ်းမကမ်းမှာကမင်းညီနောင်၏ တောင်ပြုန်းစေတီတော်။

## တစ်မျက်နှာလျှင်တာပေါင်း ၆၀၀ ဖြင့်

ထိုမြင်ကွင်းကား ရတနာပုံမင်းနေပြည် မတည်မီက တောရိပ်တောင်ရိပ်ရေရိပ်ဖြင့် အတိပြီးသော ရှုဖွယ်ရှုခင်းပေတည်း။ ၁၂၂၁ ခု အမရပူရမြောက်အရပ်သို့ ရွှေ့ပြောင်းကာ ရတနာပုံမင်းနေပြည် တည်ထောင်သောအခါတွင် မန္တလေးတောင်ခြေရင်းတွင် တစ်မျက်နှာလျှင် တာပေါင်း ၆၀၀ ဖြင့် လေးထောင့်စပ်စပ် မင်းနေပြည် နန်းမြို့ကြီးကို ကျုံးမြို့ရိုး ပြအိုးအစုံအလင်ဖြင့် တင့်တယ်စွာ မြင်ရပြန်၏။ တောင်ခြေပတ်လည် ရှုပါဘိဦး. . .၊ မြို့တည်နန်းတည် ခုနစ်ဌာန အပါအဝင်ဖြစ်သော မဟာအတုလဝေယန်ကျောင်းတော်၊ မဟာလောကမာရဇိန်စေတီတော်၊ သုဓမ္မာဇရပ်တော်၊ သိမ်တော်၊ ပိဋကတ်တိုက်တော်တို့သည်လည်း မြန်မာ့ဗိသုကာလက်စွမ်းပြလက်ရာများဖြင့် တစ်မျိုးတစ်ဘာသာစီမူကွဲကာထူးခြားစွာ ပေါ်ထွန်းလာတော့၏။ ထို့ပြင် နန်းမြို့ပတ်လည် အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်တို့တွင်လည်း ရွှေမြို့တော်ကြီးကို ဝန်းပတ်တည်ကာ ပြလမ်းအသွယ်သွယ်၊ တည်းခိုဇရပ်၊ ရေတွင်းရေကန်များသာမက ပရိယတ်စာသင်တိုက်ကြီးများ ရာချီကာဆောက်လုပ်လှူဒါန်းတည်ထောင်ခဲ့ပြန်၏။ ထိုအခါတွင်မူ နဂိုမူလကပင် လှပတင့်တယ်လှသော မန္တလေးတောင်တော် ဝန်းကျင် မြေပြန့်လွင်ပြင်သည် အလှတွင် အယဉ်ဆင့်ကာ ရှုတင့်မဆုံး ရှိခဲ့လေတော့သည်။

ညနေစောင်းလျှင်ဖြင့် ဧရာဝတီမြစ်နှင့် အောင်ပင်လယ်ကန်တစ်ခို ကူးချည်သန်းချည် အပြန်အလှန် အိပ်တန်းဝင်မည့် ငှက်ကျေးသာရကာတို့က သံစုံကျူးရင့်ကာ ပျံဝဲနေကြပုံများကလည်း လွမ်းဆွတ်အံ့ဖွယ်ရာတဲ့လေ။

## အောင်ပင်လယ်ကန်ကြီးတွင် ကျေးငှက်သာရကာတို့ ကျက်စားပျော်မြူးကြပုံ

ထိုစဉ် ထိုကာလ အောင်ပင်လယ်ကန်သည် ပုခန်းမင်းသားကြီး၏ အောင်မြေသာစံအစချီတောင်လားပတ်ပျိုးကြီးထဲက . . .

ရွှေသွေးမျက်ခြည်၊ လေပြည်ယူသိမ်း၊ မြစိမ်းရောင်ညို့ညို့၊ မှိုင်းမို့မို့ ရေတဲ့ရေကန်သာ၊ ပဒုံရွှေကြာ အငုံဝေဆာ၊ ရဂုံတွေမှာ၊ ညိုးညိုးညင်းညင်း၊ ကြိုင်မွှေးမာလာပန်းစုံကသင်း ဟူသောစာသားလို လှပတင့်တယ်ပေလိမ့်မည်။

ထို့ပြင် အောင်ပင်လယ်ကန်ကြီးတွင် ကျေးငှက်သာရကာတို့ ကျက်စားပျော်မြူးကြပုံများကလည်း မြဝတီမင်းကြီး၏ 'လောင်းပန်းဂမုန်းအင်လေတည့်မှ' အစချီတောဘွဲ့ ပတ်ပျိုးကြီးထဲက . . .

"မြရည်လေရေခင်း၊ ရွှေခပင်းငယ်မှာ ရွှေဟင်္သာကြွေးလှာရင့်ရင့်နှော၊ အလို ရွှေဟင်္သာ . . . ဝေးကွာတင့်တင့်စော. . .၊ ဥဩရွှေသာကာလေတည့်မှ တံကြောစုံမြိုင်ချာခေါက်ရှာငယ်ခေါ် ကျူးခြင်း၊ နွဲ့ကာသာပျော်မြူးရင်း . . ." ဟူသော စာသားကဲ့သို့လည်း ဖြစ်ပေလိမ့်မည်။



## အောင်ပင်လယ်ကျောက်စာ

တကယ်တော့ အောင်ပင်လယ်ကန်နှင့် ကျေးငှက်သာရကာတို့၏ ဆက်စပ်မှုကား သည့်ထက်မကနက်နဲလှပါ၏။ ကျယ်ဝန်း လှပါ၏။ အဓိပ္ပာယ်ရှိပါ၏။ အမြော်အမြင် ကြီးမားလှပါ၏။ ဘိုးတော်ဘုရားရေးထိုးခဲ့သော အောင်ပင်လယ်ကျောက်စာကို မူရင်းသတ်ပုံအတိုင်း ဆက်လက်ဖတ်ရှုပါလေကုန်. . .။

"ဤကန်တော်အတွင်းနိမိတ်လေရပ် သတ်မှတ်သည်နှိုက် နေပျော်ပိုက်ကုန်သော ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့အား ဘေးမရှိစေဟု အာဏာထားတော်မူသည်ကား။ မန္တရေမည်သော ရွှေတောင်၏ ရှေ့ပြူဗ္ဗာစွန် ဖိုးတော်ကူကျောက်တိုင် ဖိုးတော်ကူမှသည် တာနှစ်ထောင်ငါးရာအရှေ့မြောက် ရေထွက်ကျောက်တိုင်။ ရေထွက်ကျောက်တိုင်မှသည် တောင်ခြေရင်လျှောက် လျောက်ကောက် တစင်တာ နှစ်ထောင်ခုနှစ်ရာလေးဆယ်ခုနှစ်ပြန် အရှေ့တောင် ကျောက်ထရံကျောက်တိုင်၊ ကျောက်ထရံမှသည် တာတထောင်ခုနစ်ရာခုနစ်ဆယ် အနောက်တောင် ကန်ပိုင်ရိုလျောက် အနောက်မြောက် ပထမဆောက်သည် နိမိတ်သို့ ဆိုက်လေသော ပတ်ချပ်ရိုရို တာမထိုးသော် ကိုးထောင်ခုနစ်ရာခြောက်ဆယ်လေ တာအပြန်ယှိသော နိမိတ်အတွင်း၌ နေကုန်သော ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့အား ဘေးမဲ့ဖြစ်စေဟု နွယ်လယခင်ရက်နှင့် တူသော ဆန်သျှစ်ရက် သိန်လက်ကန်ဆည် ကြိုက်လတ်သော် ကြိုတိုင်တာ ဝါးချသည်နှင့် တစ်ပြိုင်နက် သူတော်သူကောင်း ဗောဓိလောင်းတို့ ကောင်းမှုပြုရာ . . ." ဟူ၏။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အလျား ခုနစ်မိုင်၊ အနံ သုံးမိုင်နီးပါးရှိ ကန်တော်ဧရိယာကြီးအတွင်း ရေပိုးရေမွှားမှအစ သားငှက်တိရစ္ဆာန်တို့အား ဘေးမဲ့ပေးရမတဲ့။ အဖမ်းအဆီး အပစ်အခတ် အသတ်အညှပ် မရှိစေရဘူးတဲ့။ တကယ်တော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စိတ်ရင်းစေတနာသည် မြန်မာလူမျိုးတို့၏ မွေးရာပါစိတ်ရင်းကောင်းဖြစ်သည်။ ဒါကြောင့်လည်းသက္ကရာဇ် ၁၂၂၁ ခု ကဆုန်လပြည့်ကျော် ၆ ရက်နေ့တွင် မြို့တည်နန်းတည် အောင်မြင်ခြင်းအထိမ်းအမှတ် မော်ကွန်းတင်နိုင်ခဲ့သော မန္တလေးရတနာပုံ ရွှေမြို့တော်တွင် မိုးလင်းမိုးချုပ် ကျေးငှက်သာရကာ မျိုးမည်အစုံတို့ ကောင်းကင်ယံတွင် ဝဲပျံနေကြပုံက တောင်းချင်းဆက်မျှဟု ဆိုကြခြင်းဖြစ်မည်။ တောင်ရှိသည်၊ တောရှိသည်၊ မြစ်ချောင်းစိမ့်စမ်းနှင့်တကွ အင်းအိုင်ကန်သာ ပတ်လည်ဝိုင်းသည်။ ကြာမျိုးစုံအတင့်အတယ်မှအစ သစ်ပင်ဝါးပင် ဆူကြုံနိမ့်မြင့် ငယ်လတ်ကြီး အဖိုးအခိုင် အလျှံပယ်မျှ ဖြိုးကြွယ်ဝခဲ့သည်။

သည်ဝန်းကျင်ကောင်းကို စိတ်နှလုံးဖြောင့်မှန်တည်ကြည်မှု ဓမ္မစက်ဖြင့် ထိန်းသိမ်းသကဲ့သို့ 'အာဏာစက်' ဖြင့် ထိန်းကွပ်ရန် အစီအမံများကိုလည်း ကျောက်စာနိဂုံးတွင် ဖတ်ရှုရပါ၏။

## တောရိပ်တောင်ရိပ်ရေရိပ်ဖြင့်အတိပြီးစေဖို့

"နိဗ္ဗာဇောတ် စသည်တို့နှိုက် ဘေးမဲ့ပေခြင်ကြွေကကြော်ခြင်တို့ကား ထိုမင်တို့ထံ သက်လျှာမျှသာတည် ငါတို့ဘဝ ရှင်မင်းတရားကြီးတော်မူကား တပွက်ခွိတိလေရပ်ကယ်သို့ ကမ္ဘာပတ်လုံမ် တည်ရစ်စေဟု ကြီးမြတ်သောကရုဏာတော်ဖြင့် ပိုင်းခြားတော်မူခယ့်သော အာဏာတော်စက်ကိုမသိမိုမှား ကျူးလွန်မိငြားလေသည် ဖြစ်အံ့။ ကြီးစွာသောဘေဒဏ်တို့သည် ပစ္စုပ္ပန်မျက်မှောံချက်ခြင်ရောက်လျက် စုတိအနန္တရီ၍ နိုက်ပယ်လေဘုမ်က တလုံမ်လဲလဲဆင်းရဲခံရရှာလေသည်။ အဖြစ်ကိုထောက်ရှုတော်မူ ရှယ် ငါစိုက်ထူခဲ့သောနိမိတ်တော် ကျောက်တိုင်လေရပ်အတွင်းသို့ ရောက်လှာကုန်သောလူပျက်လူချော်လူသရော် တို့သည်လည်းငါကဲ့ယ့်သိုလ့် နှလုံမ်နူးညွှံ့ကြစေဟုပါရမိသျှစ်တန်အဓိဌာန်ဖြင့် ကြည့်မှန် လေးစုကြေမုံလေရပ် ကျောက်လေချပ်၌ ထပ်ထပ်ထင်ထင် သိမြင်စိမ့်ငှာအက္ခရာမရိုင်းအာသံလှိုင်ရှယ့် သံပိုင်ရွှေစာထိုးသတေည်။" (မူရင်းသတ်ပုံ)

တောရိပ်တောင်ရိပ်ရေရိပ်ဖြင့် အတိပြီးစေဖို့က ဓမ္မစက်နှင့်မရပါက အာဏာစက်ကို သုံးစွဲရပေမည်။ အယုတ် အလတ် အမြတ်မရွေး ၊ ဥပဒေအထက် ဘယ်သူမှ မရှိစေရဟူသောတိကျခိုင်မာမှုမှုနှင့် အညီပေါ့။

# ယခုနှစ်ရဲ့ အကောင်းဆုံးဟာသရုပ်ရှင်ဆုကို Crazy Rich Asians ဆွတ်ခူး

အာရှသရုပ်ဆောင်တွေနဲ့ ရိုက်ကူးထားတဲ့ ဟောလိဝုဒ်ရုပ်ရှင် "Crazy Rich Asians" ဟာ ယခုနှစ်ရဲ့ "Critics' Choice Awards" ဆုပေးပွဲမှာတော့ အကောင်းဆုံးဟာသရုပ်ရှင်ဆုကို သိမ်းပိုက်ခဲ့ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ (၂၄)ကြိမ်မြောက် "Critics' Choice Awards" ဆုပေးပွဲကို ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒီဆုပေးပွဲမှာတော့ အကောင်းဆုံးဟာသရုပ်ရှင်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ပြီး ထူးချွန်ဆုလက်ခံအပြီး အမှတ်တရစကားပြောကြားချိန်မှာတော့ ယင်းရုပ်ရှင်ရဲ့ ထုတ်လုပ်သူဖြစ်တဲ့ နီနာဂျက်ဘ်ကော့ဆန်က ပြောကြားပေးခဲ့ပါတယ်။ အမှတ်တရစကားပြောစဉ်မှာ အဆိုပါရုပ်ရှင်ရဲ့ အဖွဲ့သားတွေအားလုံး စင်မြင့်ထက်မှာ တက်ရောက်ကာ နီနာနဲ့ အတူရှိနေခဲ့တာကိုလည်း တွေ့ရပါတယ်။



အေးပြည့် - စုစည်းသည်



# မျက်ရည်တွေနဲ့ ဆုလက်ခံရယူခဲ့တဲ့ လေဒီဂါဂါ

လတ်တလောကျင်းပခဲ့တဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ "Critics' Choice Awards" ဆုပေးပွဲမှာ လေဒီဂါဂါဟာ ထူးချွန်ဆုတွေ လက်ခံရရှိခဲ့တာ ဖြစ်ပါတယ်။ ထူးချွန်ဆုကို လက်ခံရယူခဲ့ပြီးနောက် လေဒီဂါဂါက အမှတ်တရစကား ပြောကြားချိန်မှာတော့ မျက်ရည်တွေလည်း ကျခဲ့ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ ယခုနှစ်အတွက် "Critics' Choice Awards" ဆုပေးပွဲမှာ လေဒီဂါဂါဟာ သူခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင် "A Star Is Born" နဲ့ ထူးချွန်ဆုတွေ ရရှိခဲ့တာ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ရဲ့ ဇာတ်ဝင်တေး "Shallow" ဟာ ယခုနှစ်ရဲ့ အကောင်းဆုံးတေးသီချင်းဆုကို ရရှိခဲ့ပါတယ်။ ဒ့ါအပြင် အဆိုပါရုပ်ရှင်မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတဲ့ လေဒီဂါဂါဟာလည်း ယခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့တာ ဖြစ်ပါတယ်။ လေဒီဂါဂါဟာ ဒီဆုအတွက် အော်စကာစာရင်းဝင်ခဲ့ပေမယ့် ထူးချွန်ဆု သိမ်းပိုက်နိုင်ခဲ့ခြင်းမရှိပါဘူး။ "Critics' Choice Awards" မှာတော့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု ရရှိခဲ့တာ ဖြစ်ပါတယ်။ ယခုနှစ်ရဲ့ "Critics' Choice Awards"မှာတော့ လေဒီဂါဂါဟာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို "The Wife" ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသမီးဖြစ်တဲ့ ဂလန်းကလို့စ်နဲ့ တွဲဖက်ရရှိခဲ့တာ ဖြစ်ပါတယ်။

လေဒီဂါဂါဟာ ယခုနှစ်ရဲ့ "Critics' Choice Awards" ဆုပေးပွဲမှာ အကောင်းဆုံးတေးသီချင်းဆုကို ပထမဦးစွာ လက်ခံရရှိခဲ့တာ ဖြစ်ပါတယ်။ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် ဂလန်းကလို့စ် ရရှိကြောင်း ရှေးဦးစွာကြေညာခဲ့ပြီးမှ တွဲဖက်ရရှိသူကို ကြေညာပေးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လေဒီဂါဂါအတွက် ခံစားမှုတွေ ပိုလာကာ မျက်ရည်ကျခဲ့ရတာ ဖြစ်ပါတယ်။ ဆုရရှိကြောင်း ကြေညာခဲ့ချိန်မှာ လေဒီဂါဂါက အတော်လေး အံ့အားသင့်ခဲ့ပြီး အဲဒီအချိန်ကတည်းက မျက်ရည်တွေ ကျလာခဲ့ပါတယ်။ လေဒီဂါဂါက ဒီထူးချွန်ဆုကို လက်ခံရယူပြီး အမှတ်တရစကားပြောကြားချိန်မှာတော့ မျက်ရည်တွေကြားက အကောင်းဆုံးပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။

ယခုနှစ်ဆုပေးပွဲမှာတော့ လေဒီဂါဂါဟာ အမှတ်တရစကား ပြောကြားချိန်မှာ အရက်စွဲသူတွေနဲ့ ဆေးစွဲသူတွေအတွက် အဓိကထား ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# အော်စကာအိပ်မက်ပြီးဆုံးခဲ့ပြီလို့ဆိုလာတဲ့ ကယ်လ်ဗင်ဟာ့ထ်

ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ လာမယ့် အော်စကာဆုပေးပွဲမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့် ကယ်လ်ဗင်ဟာ့ထ်ဟာ လတ်တလောမှာတော့ သူ့ရဲ့ အော်စကာဆုပေးပွဲမှာ တင်ဆက်သူအဖြစ် ပါဝင်သွားမယ့်အိပ်မက်တွေ ပြီးဆုံးခဲ့ရပြီဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွက် ကျင်းပသွားမယ့် ဟောလိဝုဒ်ရဲ့ အထင်ရှားဆုံးသော အနုပညာထူးချွန်ဆုပေးပွဲလို့ ဆိုနိုင်တဲ့ အကယ်ဒမီပေးပွဲ (အော်စကာဆုပေးပွဲ)မှာ အစီအစဉ်တင်ဆက်သူပါဝင်မှာမဟုတ်ဘဲ ပထမဆုံးအကြိမ်အဖြစ် တင်ဆက်သွားမှာဖြစ်တယ်လို့လည်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။

ယခင်က အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်တဲ့ ဟာသသရုပ်ဆောင် ကယ်လ်ဗင်ဟာ့ထ်ကလည်း လတ်တလောမှာ ပါဝင်ဆောင်ရွက်သွားမှာမဟုတ်ကြောင်း ပြောကြားလာပါတယ်။ မင်းသားက သူ့အနေနဲ့ ဒီလိုပါဝင်နိုင်ခြင်းမရှိတာဟာ ဆုပေးပွဲအစီအစဉ်တွေအတွက် ပြင်ဆင်မှုတွေ ပြုလုပ်ဖို့ရာ မအားလပ်တာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

အေဘီစီနယူးစ်ရဲ့ဖော်ပြချက်တွေအရ ကယ်လ်ဗင်ဟာ့ထ်ဟာ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၁ ခုနှစ်တွေအတွင်း သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့မှုတွေနဲ့ပတ်သက်ပြီး ငြင်းခုန်မှုတွေ ဆက်လက်မပြုလုပ်လိုတော့ကြောင်းလည်း သိရပါတယ်။ ကယ်လ်ဗင်ဟာ့ထ်ဟာ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဆန့်ကျင်ဘက်လိင်စိတ်ရှိသူတွေနဲ့ပတ်သက်ပြီး ဝေဖန်ရေးသားဖော်ပြမှုတွေရှိခဲ့တာကြောင့် ပရိသတ်အချို့နဲ့ အငြင်းပွားမှုတွေ ရှိခဲ့ပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ကယ်လ်ဗင်ဟာ့ထ်က ဆက်လက်ငြင်းဆိုတော့မှာမဟုတ်ကြောင်းလည်း သိရပါတယ်။




သူ့ရဲ့ ဖော်ပြခဲ့မှုတွေအတွက် ကယ်လ်ဗင်ဟာ့ထ်က ပြန်လည်ရှင်းလင်းခဲ့ကာ တောင်းပန်ခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

အေဘီစီရုပ်သံလိုင်းနဲ့ ပြုလုပ်ခဲ့တဲ့ "Good Morning America" အစီအစဉ်ရဲ့ အင်တာဗျူးမှာ ကယ်လ်ဗင်ဟာ့ထ်က အော်စကာဆုပေးပွဲ အကြောင်းအရာတွေနဲ့ သူ့ကို ဝေဖန်တိုက်ခိုက်စရာ ဖြစ်စေခဲ့တဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့မှုတွေနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့တဲ့ မေးခွန်းတွေမှာ ဒါတွေဟာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။



# အာရှပရိသတ်တွေနဲ့ တွေ့ဆုံပွဲ ပြုလုပ်သွားမယ့် မင်ဟို

ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာတဲ့ မင်ဟိုဟာ အာရှတစ်ဝန်းမှာရှိတဲ့ သူ့ကို ပင်တိုင်အားပေးခဲ့ကြတဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံနိုင်ဖို့ရာ ရည်ရွယ်ပြုလုပ်သွားမယ့် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ စီစဉ်ထားကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မင်ဟိုရဲ့ အာရှပရိသတ်တွေနဲ့ တွေ့ဆုံပွဲမှာတော့ အခြားသော အဖွဲ့ဝင်တွေ ပါဝင်မှာမဟုတ်ဘဲ မင်ဟို တစ်ဦးတည်း ပြုလုပ်သွားမှာပါ။ "Choi Minho Fan Meeting Tour - Best Choi's Minho" လို့ အမည်ပေးထားတဲ့ တွေ့ဆုံပွဲတွေကို လာမယ့် ဖေဖော်ဝါရီ ၁၇ ရက်မှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မှာ စတင်ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဲဒီနောက် အာရှရဲ့ အထင်ကရမြို့ကြီးတွေမှာ တွေ့ဆုံပွဲတွေ ဆက်လက်ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီ ၂၃ရက်၊ ၂၄ ရက်တွေမှာ တိုကျိုမှာပြုလုပ်မှာဖြစ်ပြီး ဘန်ကောက်မှာတော့ မတ် ၂ ရက်နဲ့ တိုင်ပေမှာတော့ မတ် ၃ ရက်မှာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

မင်ဟိုဟာ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်း "SHINee"နဲ့အတူ အနုပညာလောကမှာ စတင်ခြေချလာတာဖြစ်ပါတယ်။ အဖွဲ့နဲ့အတူ ကျော်ကြားတဲ့တေးသီချင်းများစွာကို ထုတ်လွှင့်ခဲ့ပြီး နောက်ပိုင်းမှာတော့ သရုပ်ဆောင်လောကအတွင်း စတင်ဝင်ရောက်လာခဲ့ပါတယ်။ လက်ရှိမှာတော့ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ရုပ်သံဇာတ်လမ်းတွဲတွေမှာသာမက ရုပ်ရှင်တွေ၊ ရုပ်သံအစီအစဉ်တွေများစွာမှာပါ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်အားပေးမှု အခိုင်အမာရရှိထားပြီး ဖြစ်ပါတယ်။

## တိုတိုထွာထွာဖတ်စရာ

### ဆောမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

**ဆော**
ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ဇန်နဝါရီ ၁၁ ရက်က ငှက်ပြာကျင်းကျေးရွာ မူလတန်း(လွန်) ကျောင်းတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်က လေယမ်ခုံကျေးရွာ အလယ်တန်းကျောင်းတွင်လည်းကောင်း စာပေလေ့လာဖတ်ရှုကြရေး ဟောပြောပွဲများပြုလုပ်သည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခိုင်ဇာဝင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် စာပေဖတ်ရှုသည့် အလေ့အထရှိလာစေရေး၊ စာဖတ်ခြင်းအကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများ၊ လူကုန်ကူးခံရနိုင်သည့်အချက်များကို အသိပညာပေး ဟောပြော၍ စာအုပ်များငှားရမ်းပေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

### သန်လျင်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ဆေးရိုးပင်ခမ္မာရုံတွင် ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီက မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောသည်။

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးက ကျေးရွာပြည်သူ ၇၀ တို့အား သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများအား ဟောပြောခဲ့ကြောင်း သိရသည်။ **သန်လျင် (ပြန်/ဆက်)**

### အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေး အသိပညာပေး

**ဝက်လက်**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အမျိုးသမီးရေးရာကော်မတီမှ အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက သမံသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းက အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပြီး မြို့နယ်ဥပဒေအရာရှိ ဦးကျော်စိုးညိမ်းက အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လတ်က ကိုယ်ဝန်ဆောင်နှင့် အမျိုးသမီးများအတွက် ကျန်းမာရေးကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ **မြို့နယ် (ပြန်/ဆက်)**

### ကျိုင်းတုံတွင် ကုန်းမြင့်လယ်ယာမြေကေ ၁၀၀ ဖော်ထုတ်

**ကျိုင်းတုံ**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေအုပ်စု ဟိုလပ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးအဖွဲ့က တောင်ပေါ်ဒေသ တိုင်းရင်းသားများ စိုက်ပျိုးမြေရရှိစေရန် ကုန်းမြင့်လယ်ယာမြေကေ ၁၀၀ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ပြုလုပ်သည်။

အဆိုပါ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရာသို့ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလနှင့် တာဝန်ရှိသူများက ဟိုလပ်ကျေးရွာနေပြည်သူများ စိုက်ပျိုးမြေရရှိအောင် ဆောင်ရွက်ပေးသည့်အဖွဲ့အား ကြည့်ရှုအားပေးကာ ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။
**ခရိုင် (ပြန်/ဆက်)**

### ကျွန်းလှတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ကျွန်းလှ**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့မရဲစခန်းဝင်းအတွင်း ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သရုပ်ပြရှင်းလင်းခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထိုက်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

### သီပေါမြို့၌ အခြေခံအပ်ချုပ်သင်တန်းဆင်း

**သီပေါ**
အခြေခံအပ်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ သီပေါမြို့နယ်အတွင်းရှိ မိုးတော၊ ကွန်ခိုက်၊ မန်တဲ၊ လော်ခွန်၊ တုံစင့် ကျေးရွာအုပ်စုများမှ ဒေသခံသင်တန်းသူ ၂၀ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။
**စိုင်း (သီပေါ)**

# ရောဝတီတံတား(ထီးချိုင့်) ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် ဇန်နဝါရီ ၁၄**
ရောဝတီတံတား(ထီးချိုင့်) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၄) နှင့် (၁၅)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇန်နဝါရီ ၁၅ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၅) နှင့် (၁၆) အကြားသို့ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ကင်းလွတ်အကျယ်မှာ ပေ ၂၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၄၇ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်း ထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါမီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင်၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများသို့ Mobile Tablet များ ဖြန့်ဝေ



**စစ်တွေ ဇန်နဝါရီ ၁၄**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက Mobile Tablet မှ တစ်ဆင့် ဝန်ထမ်းများအတွက် အသိပညာဖြန့်ဝေခြင်းများ၊ ပြောင်းလဲသည့် ခေတ်နှင့်အညီ အသိပညာများ၊ ကုထုံးများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ယခုရရှိသည့် Mobile Tablet များကို တန်ဖိုးရှိရှိ စနစ်တကျကိုင်တွယ်အသုံးပြုပြီး ပြည်သူများအား အကျိုးပြုနိုင်အောင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သာထွန်းကျော်က ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြင့်မားတိုးတက်လာစေရန်၊ ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် တာဝန်ထမ်းဆောင်နေကြသည့် အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာစေရန်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခင်ထက် ပိုမိုပြီးထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်နှင့် မြို့နယ်ဆရာဝန်များနှင့် တိုက်နယ်ဆရာဝန်များ၏ ကုသရေးအရည်အသွေး၊ လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်နိုင်စေရန်အတွက် Mobile Tablet များကို အသုံးပြုပြီး အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ ဘဏ္ဍာ)မှ ဒေါ်အေးအေးစိန်က Mobile Tablet များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ၊ လက်ထောက်ကျန်းမာရေးမှူးများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁) များ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးကြီးကြပ် (၂)များသို့ Mobile Tablet များကို ပေးအပ်ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet ၉၄၂၂ လုံး ဖြန့်ဝေပေးခဲ့သည်။

ရခိုင်ပြည်နယ်တွင် မြို့နယ်နှင့် တိုက်နယ်ဆရာဝန် ၅၂ ဦးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၁၇၁၂ ဦးအတွက် Mobile Tablet ၁၇၁၂ လုံး ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)တွင် သင်တန်းများဖွင့်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၄**
ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၉)၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၉)၊ မော်တော်ယာဉ်စက်ပြင်သင်တန်း အမှတ်စဉ်(၈) နှင့် ဂဟေသင်တန်း အမှတ်စဉ်(၇) သင်တန်းများဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ဘားအံစက်မှုဇုန်အနီးရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းတွင် ကျင်းပသည်။

ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး ဘီအေဂျေ(ဘားအံ) မှ အစီအစဉ်မန်နေဂျာ Mr.Hiroshi SUDO က သင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းများတွင် ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၉) တွင် ၂၀၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၉) တွင် ၂၀၊ မော်တော်ယာဉ်စက်ပြင်သင်တန်းအမှတ်စဉ်(၈) တွင် ၃၀ ဦးနှင့် ဂဟေသင်တန်းအမှတ်စဉ်(၇) တွင် ၂၀ သင်တန်းသားစုစုပေါင်း ၈၀ ကို သင်တန်းကာလငါးလခွဲကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ အသက်မွေးဝမ်းကျောင်းပညာရပ်များကို အမှတ်စဉ်(၁)မှစတင်ကာ လူငယ် ၇၁၃ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီး ၈၀ ရာခိုင်နှုန်းကို အလုပ်အကိုင်များ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# အထူးဂုဏ်ယူဝမ်းမြောက်

သာသနာ့ဒါယကာကြီး **ဦးအောင်သန်းစိန်**(သုဓမ္မမဏိဇောတဓရ)သည် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့တွင် **သီဟသုဓမ္မမဏိဇောတဓရဘွဲ့** ထပ်မံရရှိသည့်အတွက် သကျဗိတာ ဆရာကြီး၊ ဆရာလေးများမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ရပါသည်။ ဆက်လက်၍ ဘာသာ၊ သာသနာအကျိုးများကို ပို၍ တိုးပွားအောင် အားပေးချီးမြှောက်နိုင်ကာ တရားထူးတရားမြတ်များရရှိအောင် ကြိုးစားအားထုတ်နိုင်ပါစေ။ **စစ်ကိုင်း၊ ရန်ကုန်၊ ဧရာဝတီ၊ ပြင်ဦးလွင်၊ ပွင့်ဖြူ သကျဗိတာ ဆရာကြီး/ဆရာလေးများ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ **ဦးအောင်သန်းစိန်**(အောင်ရတနာသက်နှင်းတိုက်)အား နိုင်ငံတော်သမ္မတမှ ချီးမြှင့်သော**"သီဟသုဓမ္မမဏိဇောတဓရ"**ဘွဲ့ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာအကျိုး အမျိုးမျိုးတို့ကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သမိဒ္ဓေါဒယ ခေမာရုံသီ သီလရှင်စာသင်တိုက်**
**(၁၄၀)ရပ်ကွက်၊ တောင်ဒဂုံ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ သာသနာ့ဒါယကာကြီး **ဦးအောင်သန်းစိန်**သည် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သော **သီဟသုဓမ္မမဏိဇောတဓရဘွဲ့**ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာအကျိုးအမျိုးမျိုးတို့ကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စတုဘုမ္မိက သမိဒ္ဓေါဒယ သဒ္ဓမ္မဝံသ သီလရှင်စာသင်တိုက်**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

မြေကွက်များဈေးကောင်းပေး ဝယ်လိုသည်
ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
မညွန့် 01-2339310
01-2339355
01-578044
01-570721

ရောင်ခြည်ထစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာ့ဒါယကာကြီး၊ ဆရာလေးများ၏ ဖခင်ကြီး သုဓမ္မမဏိဇောတဓရ **ဦးအောင်သန်းစိန်**အား **သီဟသုဓမ္မမဏိဇောတဓရ**ဘွဲ့ထူးကို ထပ်ဆင့်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုများနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ဆက်လက်၍လည်း အမြင့်ဆုံးဖြစ်သော ဘွဲ့တံဆိပ်ကို အမြန်ဆုံးရ၍ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။ **သုဝဏ္ဏဇေယျသီလရှင်စာသင်တိုက်၊**

**မဟာစေတီကန်လမ်း၊ ပဲခူးမြို့။**

## ဝမ်းမြောက်ဂုဏ်ယူ

ထက်သန်သောသဒ္ဓါတရားဖြင့် နိဗဒ္ဓဝတ်ထား၍ သာသနာ့နွယ်ဝင် သီလရှင် သိက္ခာရှင်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေသော သုဓမ္မမဏိဇောတဓရ သာသနာ့ဒါယကာကြီး **ဦးအောင်သန်းစိန်**အား နိုင်ငံတော်မှ **"သီဟသုဓမ္မမဏိဇောတဓရ"**ဘွဲ့ ထပ်မံချီးမြှင့်သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေ။

**ဆရာကြီး ဆရာလေးများ**
**သီရိရတနာသီလရှင်စာသင်တိုက်၊**
**မြတ်လေးလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ**

☆STAR☆
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ သာသနာ့ဒါယကာကြီး **ဦးအောင်သန်းစိန်**သည် နိုင်ငံတော်သမ္မတမှချီးမြှင့်သော **သီဟသုဓမ္မမဏိဇောတဓရဘွဲ့**ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာအကျိုးအမျိုးမျိုးတို့ကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သမိဒ္ဓေါဒယနန္ဒာရာမ သီလရှင်စာသင်တိုက်**
**လှည်းကူးမြို့နယ်**

FORWARD YGN
Forward Yangon Services Co.,Ltd
RENT A CAR
ကားအငှားနှင့်ခရီးသွားဝန်ဆောင်မှု လုပ်ငန်း
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
PH:09-5168997,09-5089800,0933345545

**အောင်ကမ္ဘာ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေး**
ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ မြေကွက်များ ဝယ်လိုသည်။ အိမ်အရောက် ငွေချေပေးသည်။ ပွဲခပေးရန်မလိုပါ။
**Ph:09-43118200, 450096144, 450096155**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းထွန်း ပိုင်ဆိုင်သည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ မေမြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်းအမှတ် -RA IV (ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ်-၅၀-ဈ၊ မြေယာအမှတ်-၅၇/၂၉၉ ဟုခေါ်တွင်သည့် ဂရန်မြေအမျိုးအစားမြေကွက်၏ မြေငှားစာချုပ်(ဂရန်) မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်းနံပါတ်(09-453377881)သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969

## စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေးဝန်ထမ်းများခေါ်ယူခြင်း

ယုဇနဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း(ကော့သောင်း)တွင် တာဝန်ထမ်းဆောင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသူ စိုက်ပျိုးရေးဝန်ထမ်း ကျား(၄၀)ဦး အလို ရှိသည်။

**စိုက်ပျိုးရေးဘွဲ့ရ/အခြားတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိများ**

* သင်တန်းကာလ (၃)လ (စာတွေ့ - ၁လ၊ လက်တွေ့ - ၂လ)
- သင်တန်းတက်ရောက်စဉ် လစာ ကျပ်(၁၅၀,၀၀၀)၊ နေစရိတ်(ငြိမ်း)
- သင်တန်းပြီးမြောက်အောင်မြင်ပါက လစာကျပ်(၃၅၀,၀၀၀)ဖြင့် ၃နှစ် အလုပ်ခန့်ထားမည်။ (နေစရိတ်/စားစရိတ်(ငြိမ်း))
- ထူးချွန်သူများအား တစ်နှစ်ပြည့်ပြီးပါက လစာ ကျပ်(၆၀,၀၀၀)စီ နှစ်စဉ်တိုးပေးမည်။

လျှောက်ထားလိုသူများသည်(၁)ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ (၂)ဓာတ်ပုံ၁ပုံ၊ (၃)အလုပ်သမားမှတ်ပုံတင်၊ (၄)အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ (၅)မှတ်ပုံတင် မူရင်း နှင့်မိတ္တူများနှင့်အတူ ယုဇနကုမ္ပဏီလီမိတက်၊အမှတ်(၁၃၀)၊ယုဇနစင်တာ၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၀၁-၅၄၀၇၄၂/၅၄၀၇၄၇/၅၅၈၉၇၃) သို့လာရောက် လျှောက်ထားနိုင်သည်။



MPT
ရွှေသို့လှမ်းချီမြန်မာပြည်
LUCKY
BONUS
Up to
150%
For Data
အစီအစဉ်တွင်ပါဝင်ရန် *700# ကိုဖုန်းခေါ်ဆိုလိုက်ပါ
E-topup
MPT 4U App
E-topup သို့မဟုတ် MPT4U App မှ တစ်ဆင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပါက အင်တာနက် အသုံးပြုနိုင်သော Lucky Bonus ငွေဖြည့် လက်ဆောင်များ ရရှိနိုင်မည်ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် ဂျပန်ညှော့်အဖွဲ့အား လက်ခံတွေ့ဆုံ**

စာမျက်နှာ - ၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်းပြုစုခြင်းသင်တန်းဖွင့်**

စာမျက်နှာ - ၄




နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ချင်းတွင်းတံတား(ဟုမ္မလင်း)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ချင်းတွင်းတံတား(ဟုမ္မလင်း)ဖွင့်ပွဲအခမ်းအနား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်ဖွင့်လှစ်

**ဟုမ္မလင်း ဇန်နဝါရီ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်ရှိ ချင်းတွင်းတံတား (ဟုမ္မလင်း)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါတံတားပေါ်၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

> ‘ ဤတံတားဖွင့်လှစ်လိုက်နိုင်သည့်အတွက် ဟုမ္မလင်းမှတစ်ဆင့် အိန္ဒိယနယ်စပ်အထိပါ တစ်ဆက်တည်း သွားလာနိုင်တော့မည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ခန္တီးဒေသနေ တိုင်းရင်းသားများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည် ’

ချင်းတွင်းတံတား (ဟုမ္မလင်း)ဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်ရှိ ချင်းတွင်းတံတား(ဟုမ္မလင်း) **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❐


KAPLAN Myanmar University College (KMUC) မှ ပေးအပ်မည့်
အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ တန်ဖိုးရှိ စကောလားရှစ် ပညာသင်ဆုများကို
၂၀၁၉ ပညာသင်နှစ်အတွက် လျှောက်ထားရယူလိုက်ပါ.....

KMUC' Scholarships Info-Day

19.1.2019 (Saturday) 2:00pm ~ 4:00pm



Degrees Awarding Partner Universities; Murdoch University Perth | Singapore | Dubai; Teesside University

/kmucmyanmar
info.kmuc@kaplan.com

▪ အေ/၆၊ ဝင္ဂီရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
▪ (ဖုန်း) ၀၉ ၇၇၇ ၆၃၆ ၀၀၀၊ ၀၉ ၇၇၇ ၆၈၆ ၀၀၀

KAPLAN MYANMAR UNIVERSITY COLLEGE